# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


> **လောကကို မဂ်ဂဇင်ရောင်ဖြင့် ထွန်းလင်းစေ၏**
>
> ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။
>
> လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တဘူးလှဆည်ရေသောက်စနစ်ဖြင့် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်ရှိ နွေစပါးကေလျာထားချက်ထက် ၂၉၁၇၄ ကေအထိ တိုးချဲ့စိုက်ပျိုးနိုင်


နွေစပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် စက်မှုကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုသာမက ဆန်စပါးစိုက်ပျိုးမှုတွင် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုး အောင်မြင်လျက်ရှိရာ တိုက်ကြီးမြို့နယ်အတွင်း စပါးစိုက်တောင်သူများ အထူးအားထားသည့် နွေစပါးကို ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ရာ နွေစပါး လျာထားချက် ၂၈၈၆၄ ကေထက် ၂၉၁၇၄ ကေအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖


နွေစပါးအတွက် အောင်ရေပေးဝေနေမှုကို တွေ့ရစဉ်။

# အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချ ယာယီဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီ

နေပြည်တော် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ တည်ဆောက်ထားသော ရွှေမဲဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတို့ကို အိမ်နီးချင်းနိုင်ငံများသို့ ကုန်တင်ပို့နိုင်သည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချယာယီဆိပ်ကမ်းအဖြစ် အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မေ ၁၄ ရက်မှစ၍ စတင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၆ ✳



ရွှေမဲဆိပ်ကမ်း၌ ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။


ယနေ့ ဖတ်စရာ

ယခုနှစ် သရက်ရာသီ၌ ပြည်တွင်းဈေးကွက်ကိုသာ ပိုမိုအားထားရနိုင် — ပြည်တွင်းသတင်း — စာ ၃

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်လူရည်ချွန်ကျောင်းသား ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာ — ပြည်တွင်းသတင်း — စာ ၈

စားသုံးဆီများ ကျန်းမာရေးနှင့်ညီညွတ်၍ ဖူလုံစွာသုံးစွဲနိုင်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းနေ — ဆောင်းပါး — စာ ၁၀

# သဘာဝဘေး၊ လူတိုင်းနှင့်ဆိုင်

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် သင်္ကြန်ကာလအပြီးနှင့် မေလဆန်းရက်များတွင် လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သောကြောင့် သတိထားကြရမည်ဖြစ်သည်။ ယင်းကာလတွင် နေ့အပူချိန်မြင့်မားလျက်ရှိရာ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် အပူပျံတက်တိမ်များမှတစ်ဆင့် မိုးတိမ်တောင်များ ဖြစ်လာကြပြီး အဆိုပါ မိုးတိမ်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းတိုက်ခြင်း၊ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းတို့ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း နိုင်ငံတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ် စုစုပေါင်း ၁၈၅၇ ကြိမ် ဖြစ်ပွားခဲ့ရာ လေပြင်းဘေး ၆၅၃ ကြိမ် ပါဝင်ခဲ့သည်။ အဆိုပါ သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ခြေ ၂၄၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး အိမ်ထောင်စုပေါင်း ၆၈၀၀၀ ကျော် ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည်။ အဆိုပါ ဘေးအန္တရာယ်ဖြစ်ပွားခြင်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ပံ့ပိုးကူညီမှုပြုခြင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေများသောဒေသများတွင် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘာသာရေးအဆောက်အအုံ ၁၁၀၀ ကျော်နှင့် အိမ်ခြေပေါင်း ၂၄၀၀၀ ကျော်တို့အတွက် ငွေကျပ် ၃ ဒသမ ၂၈၉ ဘီလီယံကျော် ကူညီပံ့ပိုးမှုပြုခဲ့ရသည်။

ယခုနှစ်တွင်လည်း ဇန်နဝါရီလမှ မတ်လ ၂၅ ရက်အထိ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အိမ် ၁၈ လုံး ပြိုကျပျက်စီးခဲ့ပြီး အိမ် ၁၇၄ လုံးမှာ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကာ ဘေးသင့်သူလူဦးရေ ၇၂၁ ဦးအထိရှိခဲ့ရာ ပြည်တွင်းဒေသအနှံ့အပြားတွင် လေပြင်းတိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ကို သတင်းများတွင် တွေ့ရှိနေရသည်။ မကြာမီ မိုးကြိုကာလ မိုးလေဝသဖြစ်စဉ်များနှင့်အတူ နှစ်စဉ်ဖြစ်နေကျအတိုင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်း၊ တောင်ပြိုမြေပြိုခြင်း၊ တောင်ကျရေကျဆင်းခြင်း စသည်တို့ ဖြစ်ပေါ်လာနိုင်ပြန်ရာ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို တစ်နှစ်ပတ်လုံး ကြုံတွေ့နိုင်သည်ဟု လူတိုင်းသတိပြုကြရန်လိုပြီး တစ်မျိုးပြီးတစ်မျိုး ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်တို့ကို ဘေးမသီရန်မခ ကျော်လွှားနိုင်ကြရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ချက်များနှင့် ပညာပေးမှုများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ နှိုးဆော်ချက်များ စသည်တို့ကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ဖော်ပြပေးလျက်ရှိရာ အလေးအနက်ထား၍ ဂရုပြုလိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းနိုင်ကြမည်ဖြစ်သည်။ လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ မိမိတို့၏အိမ်ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင်ပြုလုပ်ထားရန်၊ လေပြင်းဒဏ်ခံနိုင်ရေးအတွက် အိမ်တွင်ဒေါက်များ၊ တန်းများ၊ တိုင်များကို ထပ်မံအားဖြည့်တပ်ဆင်ထားရန်နှင့် မြေဝင်အိမ်တိုင်များ ကြံ့ခိုင်အောင်ဆောင်ရွက်ရန်၊ အိမ်အမိုးများမလန်အောင် ဆောင်ရွက်ထားရန်နှင့် အိမ်အနီးရှိ သစ်ပင်၊ သစ်ကိုင်းများ လဲပြိုမှုကြောင့် အိမ်မထိခိုက်စေရေး ကြိုတင်ရှင်းလင်းထားရန် နှိုးဆော်ထားသည်။ လေပြင်းဒဏ်ခံနိုင်ရည်နည်းပါးသည့်အိမ်များကို ရွေးချယ်၍ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်လာလျှင် ဒေသအတွင်းရှိသူ တစ်ဦးတစ်ယောက်မျှ လွတ်မြောက်ခြင်းမရှိနိုင်ရာ လူတိုင်းသဘာဝဘေးဆိုင်ရာ အသိပညာများ ကောင်းစွာသိရှိနားလည်ထားကြရန်လိုသည်။ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လူတိုင်းတက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန်လည်း တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂ / ၂၀၂၄ )**
၁၃၈၆ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၂ ရက်
( ၂၀၂၄ ခုနှစ် ၊ ဧပြီလ ၂၅ ရက် )

**ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် (၉၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ** ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၄၉ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သီပေါမြို့တွင် ၁.၈၁ လက်မ၊ မိုင်းဆတ်မြို့တွင် ၀.၉၁ လက်မ၊ ပူတာအိုမြို့နှင့် နောင်ချိုမြို့တို့တွင် ၀.၇၅ လက်မစီ၊ မချမ်းဘောမြို့တွင် ၀.၄၇ လက်မ၊ လေးထပ်ပြင်မြို့တွင် ၀.၃၅ လက်မနှင့် ကျောက်မဲမြို့နှင့် မိုးကုတ်မြို့တို့တွင် ၀.၃၁ လက်မစီတို့ ဖြစ်ကြသည်။ မိုး/ဇလ

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့် ကာလအားလျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခု ကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၅

**ယုံမှတ်အပ်နှံမှု အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

**တက်ရောက်**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးမောင်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးနှင့် တာဝန်ရှိသူများ၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အပြီးသတ်ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက The Trust Act (ယုံမှတ်အပ်နှံမှုအက်ဥပဒေ)သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသည့် ဥပဒေ (၅၂) မျိုးတွင်ပါဝင်ပြီး FATF ၏ အကြံပြုချက်အမှတ် (၂၅) အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ကို ရေးဆွဲပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ယုံမှတ်အပ်နှံမှု အက်ဥပဒေကို



ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ကို FATF ၏ Recommendation 25 အရ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရေး အတွက် ပြဋ္ဌာန်းရန် လိုအပ် ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါဥပဒေ(မူကြမ်း)ကို ပြဋ္ဌာန်း နိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေး ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ဝါကြိတ်စက်ရုံများ၊ ဆီစက်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ စန်းသီရိ ဝါကြိတ်စက်ရုံနှင့် ဝါစေ့ဆီ ထုတ်လုပ်သည့်လုပ်ငန်းသို့ရောက်ရှိပြီး ဝါများကြိတ်ခွဲနေမှု၊ ဝါစေ့ဆီ ထုတ်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဝါကြိတ်စက်ရုံ (တောင်တွင်းကြီး) သို့ ရောက်ရှိပြီး စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**အမြန်အကောင်အထည်ဖော်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ရှိ ရွှေပြည်သာမြေပဲခွဲစက်၊ ဆီစက်၊ မြေပဲဆားလှော်လုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ ပြည်ထောင်စုဝန်ကြီးက စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီများထုတ်လုပ်ရန်၊ ဆီသန့်စင်စက်ရုံကို အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆီစက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများကို သိရှိပြီး လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရေးရည်ရွယ်၍ လုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီးဖြင့် စကားဝိုင်းဆွေးနွေးပွဲပုံစံဖြင့် တွေ့ဆုံဆွေးနွေးလိုခြင်းဖြစ်ကြောင်း၊ စားသုံးဆီထုတ်လုပ်မှု Supply Chain တစ်လျှောက်ကို လေ့လာကြည့်လျှင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့၏ စိုက်ဧက တိုးချဲ့ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ အရည်အသွေးပြည့်မီသော ဆီထွက်သီးနှံများ ထွက်ရှိရေးစသည်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ထွက်ရှိလာသော ဆီထွက်သီးနှံများကို အရည်အသွေးမြင့်မားသည့် စားသုံးဆီများ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ဆီစက်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုဆွေးနွေးပွဲ၌ စားသုံးဆီထုတ်လုပ်မှုမြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် ဖြည့်ဆည်းပေးရမည့် အချက်များ၊ မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးပေးရမည့် ကိစ္စရပ်များကို လုပ်ငန်းရှင်များမှ တင်ပြပေးစေလိုကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို ကောင်းစွာ သိရှိဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံ (နှမ်း၊ မြေပဲ၊ နေကြာ) စိုက်ပျိုးခြင်းအတွက် တစ်နိုင်ငံလုံးတွင် ဇုန်ခုနစ်ခု သတ်မှတ်ပြီး တိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးတွင် ဇုန်နှစ်ခုပါဝင်ပြီး စိုက်ပျိုးဧက ၁၃ သန်း လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို တိုးချဲ့စိုက်ပျိုးသွားမည်ဆိုပါက ဆီစက်အရေအတွက်နှင့် စက်များ၏ ထုတ်လုပ်နိုင်မှုစွမ်းအား မြှင့်တင်ရန် လိုအပ်သဖြင့် အရည်အသွေးပိုင်းတွင်လည်း စံချိန်စံညွှန်းများနှင့် ကိုက်ညီသော စားသုံးဆီများထုတ်လုပ်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆီအိုးကြီးဟု သတ်မှတ်ထားသည့် မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး စားသုံးဆီများ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ယခုတွေ့ဆုံဆွေးနွေးပွဲတွင် မိမိတို့၏ လိုအပ်ချက်များနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း၌ ဧက ၃၁ သိန်းခန့် စိုက်ပျိုးနိုင်ပြီး ယာဧကသည် ၂၂ သိန်း ခန့်ရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီးမှ တစ်နှစ်လျှင် ဆီတန်ချိန်ပေါင်း ၁၈၀၀၀၀ ခန့် ထွက်ရှိပြီး ဒေသတွင်းမှ တန်ချိန် ဝ ဒသမ ၆ သိန်းသာ အသုံးပြုလျက်ရှိပြီး ကျန်ပိုလျှံဆီများကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယခုဆွေးနွေးပွဲတွင် လုပ်ငန်းရှင်များမှ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

**အသေးစိတ်ပြန်လည်ရှင်းဖြေကြား**

ထို့နောက် ဆီစက်လုပ်ငန်းရှင်များက ဆီထွက်သီးနှံများ ကြိတ်ခွဲ၍ စားသုံးဆီထွက်ရှိမှု အခြေအနေ၊ ကုန်ကြမ်းရရှိမှုအခြေအနေ၊ ဈေးကွက်အခြေအနေ၊ ပြည့်ဝသည့် စားသုံးဆီများ စားသုံးနိုင်ရေးအတွက် ပြည်သူများသို့ အသိပညာပေးရေးကိစ္စတို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းရှင်များ၏ တင်ပြချက်တစ်ချက်ချင်းအပေါ် အသေးစိတ် ပြန်လည်ရှင်းဖြေကြားကာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက်ပေးရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စလေမြို့ရှိ သိန်းငွေး ဝါကြိတ်စက်နှင့် ဝါစေ့ဆီစက်ရုံသို့ ရောက်ရှိပြီး ဝါကြိတ်ခွဲနေမှု၊ ဝါစေ့ဆီ ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ဝါစေ့ဆီများအား သန့်စင်နေမှုအခြေအနေတို့ကို လှည့်လည်အားပေး ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ယခုနှစ် သရက်ရာသီ၌ ပြည်တွင်းဈေးကွက်ကိုသာ ပိုမိုအားထားရနိုင်

**ရန်ကုန် ဧပြီ ၂၅**

ယခုနှစ် သရက်ရာသီ၌ ပြည်တွင်းဈေးကွက်ကိုသာ ပိုမိုအားထားရနိုင်သည့် သဘောရှိသည်ဟု သုံးသပ်ရကြောင်း မြန်မာနိုင်ငံ သရက်သီး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်ပသို့တင်ပို့ရန် ခရီးစရိတ်မြင့်မားမှုများရှိသကဲ့သို့ နယ်စပ်မှ တင်ပို့မည်ဆိုပါက လမ်းခရီးကြန့်ကြာမှုကြောင့် ဈေးကွက်ထဲသို့ ရောက်ရှိချိန်တွင် အသီးမလှတော့ဘဲ နာသွားပါက ဈေးကောင်းမရရှိနိုင်ခြင်းတို့ကြောင့် ပြည်တွင်းဈေးကွက်ကို ပိုမိုအားထားရဖွယ်ရှိပြီး တင်ပို့နေသူအချို့၏ အခြေအနေကိုလည်း စောင့်ကြည့်ရမည်ဟု ၎င်းက ဆိုသည်။

“ဒီနှစ်ကတော့ သရက်က ပြည်တွင်းဈေးကွက်ကိုပဲ ပိုအားထားရနိုင်တဲ့သဘောရှိတာပေါ့။ အရင်နှစ်တွေကတော့ ပြည်တွင်းရော ပြည်ပကိုရောသွားတယ်။ တရုတ်ဈေးကွက်ကတော့ သွားတာအများဆုံးပေါ့။ အခုလောလောဆယ်ကတော့ တရုတ်ကိုလည်း မသွားနိုင်ဘူးဆိုရင်၊ သွားရင်လည်း စရိတ်ကကြီးလွန်းလို့ တောင်သူတွေ အဆင်မပြေဘူးဆိုတော့ ပြည်တွင်းဈေးကွက်ကိုပဲ အားထားရနိုင်တဲ့ သဘောရှိတယ်လို့ သုံးသပ်ရတာပေါ့။ သရက်ဈေးကွက်ကတော့ ပြည်တွင်းဈေးကွက်ပဲဖြစ်ဖို့များပါတယ်” ဟု ၎င်းက ပြောကြားသည်။

လက်ရှိပြည်တွင်းသရက်ဈေးကွက်၌ ၁၅၀ ဂရမ်အရွယ်ရှိစိန်တလုံးသရက်သီးတစ်တန်ကို ကျပ် ၁၂ သိန်း၊ ကျပ် ၁၃ သိန်းခန့် ရှိကာ ဈေးမှာ ဂရမ်အလိုက် ကွာခြားပြီး သရက်သီးတစ်တန်လျှင်ဈေးနှုန်း ကျပ် ၁၇ သိန်း၊ ၁၈ သိန်းခန့်အထိ ရှိနေကြောင်းလည်း သိရသည်။ ယင်းအပြင် ယခုနှစ်အတွင်း တောင်သူများအနေဖြင့် မြေဩဇာဈေးနှုန်း၊ အလုပ်သမား ငှားရမ်းရမှု ကုန်ကျစရိတ်မှာလည်း ယခင်ထက်ပိုမို မြင့်မားနေကြောင်းလည်း ယင်းကဆိုသည်။

“သရက်ဈေးကွက်မှာ စိန်တလုံးသရက်သီးမှည့်တွေ စတော့ထွက်နေပြီ။ တောင်သူတွေအနေနဲ့ကလည်း ကုန်ကျစရိတ်တွေက ခါတိုင်းထက်ကို အဆများစွာ ပိုကုန်ပါတယ်” ဟုလည်း ပြောကြားသည်။ **MT**

# လယ်ယာမြေကို နှစ်နှစ်အထက် လုပ်ထားခြင်းကို စိစစ်တွေ့ရှိပါက ဥပဒေ၊နည်းဥပဒေများနှင့်အညီ ပြန်လည်သိမ်းယူ

**နေပြည်တော် မေ ၂၅**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေပေါ်၌ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အတည်ပြုဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။



### ကြပ်မတ်ဆောင်ရွက်

လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ရရှိပြီးသူများအနေဖြင့် ခွင့်ပြုသည့် နေ့ရက်မှ ခြောက်လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း လုပ်ငန်းပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့် လယ်ယာမြေဥပဒေ ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ကို ပြန်လည်ပယ်ဖျက်နိုင်ရေး ဆောင်ရွက်ခြင်းကိုလည်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း။

လယ်ယာမြေကို နှစ်နှစ်အထက် လုပ်ထားခြင်းကို စိစစ်တွေ့ရှိပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြန်လည်သိမ်းယူပြီး စိုက်ပျိုးလုပ်ကိုင်နိုင်သူများကို စိစစ်၍ ပြန်လည်ခွဲဝေကာ စိုက်ပျိုးလုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် လယ်ယာကုန်ထုတ် စွမ်းအားတိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်ရဧရိယာ အားလုံးကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖော်ထုတ်လုပ်ကိုင်ပြီးစီးခြင်း၊ သီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်းမှုရှိပြီး ဆွတ်ခူးနိုင်ရန် အရွယ်ရောက်ရှိနေခြင်း၊ အနာဂတ်တွင် လယ်ယာမြေအဖြစ် ဆက်လက်တည်တံ့သွားရန် အခြေအနေရှိခြင်း၊ လယ်ယာမြေအဖြစ် ဆက်လက်တည်တံ့သွားခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ပိုမိုဖော်ဆောင်ပေးနိုင်ခြင်း စသည့်အနေအထားကို ရောက်ရှိပါက လုပ်ပိုင်ခွင့် ရရှိထားသူအနေဖြင့် လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ဥပဒေနှင့်အညီ လျှောက်ထားနိုင်ပြီး လယ်ယာမြေဥပဒေပါ အခွင့်အရေးများကို ခံစားနိုင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း လယ်ယာမြေများကို ဥပဒေနှင့်အညီ တိုးချဲ့လာနိုင်မည် ဖြစ်ပါကြောင်း။

### သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မား

အချို့သော နေရာဒေသများ၌ လယ်မြေတွင် စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းထက် တောင်သူများအတွက် ဝင်ငွေပိုမိုရရှိနိုင်မည့် ဒေသနှင့်ကိုက်ညီသော ဝင်ငွေရ သီးနှံ Cash Crop ကို ပြောင်းလဲစိုက်ပျိုးခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုများ တွေ့ရှိရကြောင်း၊ ဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (က) အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး ဒေသအတွင်း ဆန်စပါးဖူလုံမှုနှင့် ပတ်ဝန်းကျင် လယ်ယာမြေများကို ထိခိုက်နိုင်မှုမရှိပါက ဒေသနှင့် ကိုက်ညီပြီး တောင်သူများအတွက် ဝင်ငွေပိုမိုရရှိနိုင်မည့် ဝင်ငွေရသီးနှံ Cash Crop ပြောင်းလဲစိုက်ပျိုးနိုင်ရေးကို ခွင့်ပြုပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ ခွင့်ပြုချက်မရှိပဲ မိမိသဘောအလျောက် သီးနှံပြောင်းလဲစိုက်ပျိုးခွင့် မရှိသည်ကို သိရှိနားလည်ကြစေရန်ကိုလည်း အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သို့မှသာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာပြီး ဒေသအတွင်း စီးပွားဖွံ့ဖြိုးမှု တိုးတက်လာမည်ဖြစ်၍ ဆွေးနွေးဆုံးဖြတ်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသက်နိုင်ဦး က အစည်းအဝေးတွင် ဆွေးနွေးရမည့် လုပ်ငန်းစာတွဲများကို တင်ပြရာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က လုပ်ငန်းကဏ္ဍအလိုက် အကြောင်းအရာတစ်ခုချင်းအပေါ် စိစစ်ဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၂) ကြိမ်မြောက် အစည်းအဝေးတွင် တိုင်းဒေသကြီး ပြည်နယ်၊ နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များမှ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ လျော်ကြေး၊ နစ်နာကြေး တွက်ချက်တင်ပြလာသော လုပ်ငန်းကိစ္စရပ်များ၊ တိုင်းဒေသကြီး ပြည်နယ် ခုနစ်ခုတွင် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ရရှိပြီး ခွင့်ပြုသည့်နေ့ရက်မှ ခြောက်လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုသည့် ကိစ္စရပ်များ၊ လယ်ယာမြေ ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ကြေးငွေပေးဆောင်ရန် အဆိုပြုတင်ပြလာသော လုပ်ငန်းကိစ္စရပ်များနှင့် သတ်မှတ်ဒဏ်ကြေး ပေးဆောင်ပြီးဖြစ်ကြောင်း ဘဏ်ငွေသွင်းချလန် မိတ္တူများနှင့်အတူ ပြန်လည်တင်ပြလာခြင်းအတွက် ခွင့်ပြုမိန့် (ပုံစံ-၁၅) ထုတ်ပေးနိုင်ရေး ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သည့် Standard Operating Proce-dure-SOP ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နှင့် ခန္တီးမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေး ကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အဘယရာမ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် သုံးပါးတို့အား ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြော အားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ် စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဘယရာမပရိယတ္တိစာသင်တိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။



အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၆၅ ဦးတို့ကိုလည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က နယ်မြေခံတပ်နယ်ခန်းမ၌ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

✳ *ရွှေဖုံးမှ*

အဆိုပါ ဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ Border Trade ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (OSS) များက မေ ၂၄ ရက်မှစ၍ တာဝန်ချထား စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းရှင်များအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

❖ *ရွှေဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကုန်းပေါ်စုရွာအနီးတွင်ရှိသည့် တဘူးလှ ရေလှောင်တမံ ပင်မရေမြောင်းကြီး နှစ်ခုမှ တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အစပ်ရှိ နွေစပါးစိုက်ခင်းများသို့ အောင်ရေပို့လွှတ်လျက်ရှိသည်။ စိုက်ခင်းအချို့၌ စက်ယန္တရားများဖြင့် ရိတ်သိမ်းမှု အချို့ရှိသည်။

ယခုနှစ်နွေစပါးကို တိုက်ကြီးမြို့နယ်၌ ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးရာ တဘူးလှဆည်မှ ပင်မရေမြောင်းကြီးနှစ်ခုဖြစ်သော ၂၃ ဒသမ ၆၃ မိုင် အရှည်ရှိသည့် လက်ဝဲမြောင်းနှင့် ၆၀ ဒသမ ၇၂ မိုင် အရှည်ရှိသည့် လက်ယာမြောင်းတို့မှ အောင်ရေကို ပို့လွှတ်ခဲ့ရာ ယခုနှစ်တွင် လျာထားသော နွေစပါးစိုက်ဧက ၂၈၈၆၄ ထက် ၂၉၁၇၄ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ဧက ၅၀၀၀၀ တွင် ကျန်ရှိသော နွေစပါးဧက ၂၀၀၀၀ ကျော်မှာလည်း လက်သွယ်မြောင်းနှင့် လယ်ကြားမြောင်းတို့ကို အသုံးပြုနိုင်ခဲ့ခြင်းဖြင့် ဆည်ရေသောက် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်။

"တောင်သူတွေရဲ့ နွေစပါးအောင်မြင်အောင် ကျွန်တော်တို့တစ်တွေ ဝီရိယထားပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ နွေစပါးအတွက် ဆည်ရေကို စနစ်တကျသိုလှောင်ခဲ့တယ်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် ရေရှားပါးတဲ့ အခက်အခဲ အချိန်မရွေးပေါ်ပေါက်နိုင်တဲ့အတွက် ရေကို ဝီရိယထားပြီး ပိုသိုလှောင်ထားနိုင်ခဲ့တယ်။ ရေပို့လွှတ်တဲ့အခါမှာလည်း အလေအလွင့်မရှိအောင် မြောင်းမကြီးကနေ လယ်ကြားမြောင်းအထိ ရေလေလွင့်မှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ပိုပြီးအားရစရာကောင်းတာက တောင်သူတွေ ရေထိန်းသိမ်းမှုမှာ ပါဝင်မှု ပိုအားကောင်းလာတာပါ။ ဒါကြောင့် နွေစပါးမှာ စိုက်ဧကတွေတိုးပြီး ရေပေးဝေနိုင်တဲ့အခြေအနေရရှိခဲ့တာပါ။ တဘူးလှဆည်ကနေ ဒီနှစ်မှာ မနှစ်ကထက် နွေစပါးဧက ၃၀၀၀ အတွက် ပိုပြီးပို့လွှတ်နိုင်ခဲ့တဲ့အပြင် လျာထားချက်ထက်ပိုပြီး စိုက်ပျိုးမှုအပေါ် ရေလုံလုံလောက်လောက် ပေးဝေနိုင်ခဲ့တာဟာ တောင်သူတွေ ရေအလေအလွင့်မရှိအောင် ထိန်းသိမ်းနိုင်ခဲ့တာလည်း ပါပါတယ်။ တောင်သူတွေ နွေစပါးထွက်နှုန်းကောင်းပြီး လက်တွေ့အကျိုးရှိတာကိုမြင်ရတော့ ဝမ်းသာပီတိလည်း ဖြစ်ရပါတယ်။ စပါးဈေးကောင်းတဲ့အတွက် ဝင်ငွေမျိုးမျိုးမြတ်မြတ်ရရှိတဲ့ တောင်သူတွေအတွက် ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ ဌာနက ချမှတ်ထားတဲ့ ရည်မှန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ပြောသည်။

တဘူးလှဆည်မှ ဆည်ရေကို အသုံးပြု၍ တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အစပ်ရှိ နွေစပါးစိုက်ခင်းများကို အောင်ရေရရှိသည်အထိ ပို့လွှတ်နိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှစ၍ နွေစပါးခင်းများအတွက် ဆည်ရေပို့လွှတ်ခဲ့ရာ ဧပြီလကုန်တွင် ပို့လွှတ်မှုရပ်နား၍ ဆည်ရေသိုလှောင်မှုကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လနှင့် ဧပြီလတို့တွင် အပူရှိန်ပြင်းထန်သည့်အတွက် နွေစပါးစိုက်ခင်းများ ဆည်ရေရရှိမှုနှင့် သဘာဝဘေးအန္တရာယ်တို့ကို စိုးရိမ်ခဲ့ကြရာ တောင်သူများ စတင်စိုက်ပျိုးချိန်မှ နွေစပါး ပိတ်သိမ်းချိန်အထိ အောင်ရေရရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# “ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄) ခုနှစ်” အခမ်းအနားကျင်းပ

## ဧပြီ ၂၄ ရက်မှ ၃၀ ရက်အတွင်း ရောဂါ ၁၃ မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများဆောင်ရွက်



နေပြည်တော် ဧပြီ ၂၅

**“ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်” (World Immunization Week) အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) Meeting Hall ၌ ကျင်းပသည်။**

အခန်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ် တပ်မှူး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတာဝန်ခံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ဧပြီလနောက်ဆုံး ရက်သတ္တပတ်ကို ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ် ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်း စတင်ခဲ့သည့် နှစ်(၅၀)မြောက် နှစ်ပတ်လည်ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ “Humanly Possible: Saving lives through immunization” ဖြစ်ပြီး မြန်မာဘာသာဖြင့် “ကလေးများ အနာဂတ် လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့် အသက်ကယ်စို့” ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကြောင့် သေဆုံးမှုကိုလျှော့ချပြီး ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဖြင့် ကလေးများ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်းလုံးတွင် ဝက်သက်ကာကွယ်ဆေးတစ်မျိုးတည်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း သေဆုံးမှုပေါင်း ၂၃ သန်းခန့်ကို ဟန့်တားကာကွယ်ပေးနိုင်ခဲ့ကြောင်း၊ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းအတွက် အမေရိကန်တစ်ဒေါ်လာအသုံးပြုတိုင်း ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် ကုသရာတွင် ကုန်ကျနိုင်သည့် စရိတ် ၇၆ ဒသမ ၅ ဒေါ်လာကို လျှော့ချနိုင်သည့် (Return of Investment)ရှိကြောင်း၊ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းဖြင့် ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော ရောဂါပေါင်း ၂၀ ကျော်ကို ကာကွယ်ဟန့်တားနိုင်ကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ပြည်သူသန်းပေါင်း ၁၄ သန်းခန့်ကို ဆင်းရဲမွဲတေမှုမှ ကာကွယ်ပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် ဧပြီ ၂၄ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များတွင် ရောဂါ ၁၃ မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေးများ အသုံးပြု၍ သတ်မှတ်အသက်အရွယ်အတွင်းရှိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် နှစ်ဦးပိုင်းက စတင်၍ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်နှင့် အမီလိုက်ကာကွယ်ဆေးထိုးအစီအစဉ်များချမှတ်၍ လုပ်ငန်းများကို ပြန်လည်အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးလွှမ်းခြုံမှုအနေဖြင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၃ ခုနှစ်တွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု နှစ်ဆကျော်ခန့် ပြန်လည်တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကာလမတိုင်မီက ရရှိခဲ့သည့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများ ပြန်လည်ရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်း လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် အသက်(၅)နှစ်အောက် ကလေးများကို သတ်မှတ်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရန် စီစဉ်လျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ယခုထက်ပိုမိုတိုးတက်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း။

နိုင်ငံတော်မှ နှစ်စဉ်ဝယ်ယူပံ့ပိုးပေးလျက်ရှိသော ကာကွယ်ဆေးများအသုံးပြု၍ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အသက်အရွယ်အလိုက် အကြိမ်ပြည့် ထိုးနှံတိုက်ကျွေးမှုခံယူခြင်းဖြင့် မိမိတို့၏ ရင်သွေးငယ်များကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကို ကာကွယ်နိုင်ကြောင်းသိရှိပြီး ထိုးနှံတိုက်ကျွေးပေးရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆိုပါရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိစေရေးအတွက် ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ကာကွယ်ဆေးထိုးရန် အကျုံးဝင်သည့် ကလေးငယ်များ တစ်ဦးတစ်ယောက်မကျန် ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့်ပတ်သက်သော မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များသည် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အနေဖြင့် ဒက္ခိဏသီရိမြို့နယ် ရွှေသဲဖြူကျောင်းတိုက်တွင် အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့ရောက်ရှိနေထိုင်လျက်ရှိသည့် ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံရသေးသော အသက် (၁၅) နှစ်အောက် ကိုရင်၊ သီလရှင်နှင့် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း (Special Immunization Activities) ကို ကြည့်ရှုအားပေး၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ၊ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဇေယျာသီရိမြို့နယ် စည်ပင်သာယာကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ပြီး အသက်(၅)နှစ်အောက်ကလေးများကို Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအား ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ကြည့်ရှုအားပေး၍ ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထွက်ရှိသည့် ဝါပိသာချိန်ပေါ် မူတည်၍ နေရာဒေသအလိုက် ဝါကြိတ်ဝါဖိစက်များထားရှိပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဧပြီ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြင်ကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်စုအတွင်းမှ ဝါစိုက်တောင်သူများ၊ မြင်ကုန်းစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများ၊ ဝါလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လာမည့်မိုးဝါစိုက်ပျိုးရေးအတွက် အထွက်တိုး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သွင်းအားစုဓာတ်မြေဩဇာ၊သဘာဝမြေဩဇာ ပိုးသတ်ဆေး၊ပေါင်းသတ်ဆေးများ အသုံးပြုနိုင်ရေး၊ ထွက်ရှိသည့် ဝါပိသာချိန်ပေါ် မူတည်၍ နေရာဒေသအလိုက် ဝါကြိတ်ဝါဖိစက်များ ထားရှိပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သမဝါယမဝါစိုက်ပျိုးရေးအသင်းများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရန်၊ အဆင့်မီဝါများ ရရှိအောင် စိုက်ပျိုးရေးနည်းပညာများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး **(အပေါ်ပုံ)** ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မြင်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ ဝါစိုက်အသင်းသား တောင်သူများအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က ဝါစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ သိကောင်းစရာများကို တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေးကြကာ အသင်းသား တောင်သူများ၏ ဝါစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးသွင်းအားစု ကုမ္ပဏီများ၏ ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့ စုပေါင်းရုံးခန်းမတွင် ကျောက်ဆည်မြို့နယ်အတွင်းရှိ ဖျောက်ဆိပ်ပင်ကျေးရွာ၊ ကင်းကျေးရွာ၊ တောင်တော်ကျေးရွာနှင့် ကျောက်ဖျာကျေးရွာတို့မှ သမဝါယမအသင်းသား ဝါစိုက်တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝါစိုက်ပျိုးရေးလုပ်ငန်းအပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဆီထွက်သီးနှံစိုက်ပျိုးရေး၊ လာမည့်မိုးစပါးရာသီ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားပြီး အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ နွေရာသီအဆင့်မြင့်အားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ နွေရာသီအဆင့်မြင့်အားကစား သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရွှေကြာပင် အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သင်တန်းများမှ အလားအလာရှိသည့် သင်တန်းသား သင်တန်းသူ လူငယ်မောင်မယ်များကို အားကစားနည်းအလိုက် နည်းစနစ်မှန်မှန်ကန်ကန်ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ဆက်လက်လေ့ကျင့်နိုင်စေရန် ယခုနွေရာသီအဆင့်မြင့် အားကစားသင်တန်းများကို အားကစားနည်း (၁၁)နည်းဖြင့် ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားနည်းအလိုက် စိတ်ပါဝင်စားစွာ သင်ယူလေ့ကျင့်ခြင်းဖြင့် အခြေခံကျောင်းအဆင့်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အားကစားနည်းအခြေခံကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထူးချွန်သူများကို စနစ်တကျရွေးချယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အားကစားနှင့် ကာယပညာ(သိပ္ပံ)ကျောင်းများသို့ နိုင်ငံတော်စရိတ်ဖြင့် တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသား သင်တန်းသူများအနေဖြင့် ရွေးချယ်ခံရသူများဖြစ်အောင်ကြိုးစားသွားရန်တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပြီး **(အပေါ်ယာပုံ)** ၂၀၂၄ ခုနှစ်၊ နွေရာသီ အဆင့်မြင့်အားကစားသင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီနာယက၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာ ဖြစ်သည့်အတွက် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရန် အားကစားသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိလာပြီး ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် အားကစားပညာရပ်များ၊ အဆင့်မြင့်နည်းစနစ်များကို နားလည်တတ်ကျွမ်းအောင် ကြိုးစားလေ့ကျင့်သင်ယူကြပြီး နိုင်ငံတော်မှအားထားရသည့် ထူးချွန်သည့်အားကစားသမားကောင်းများ ဖြစ်အောင် ဆက်လက်ကြိုးစားလေ့ကျင့်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းနှင့် ဇမ္ဗူသီရိ မြို့နယ် အနာဂတ်ကြယ်ပွင့် ပရဟိတကျောင်းမှ တိုက်ကွမ်ဒိုအားကစားအဖွဲ့နှင့် ပုဗ္ဗသီရိမြို့နယ် Sports Time Club နှင့် YGW မှ မြန်မာ့သိုင်းအားကစားအဖွဲ့တို့က သရုပ်ပြသကြပြီး ပြည်ထောင်စုဝန်ကြီးက အားကစားအဖွဲ့များကို အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်၍ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌက သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့ လက်ရွေးစင်အားကစားသမားများနှင့် လူငယ် အားကစားသမားများ တွေ့ဆုံပွဲအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ရှိ Gold Medal Hall ၌ ကျင်းပသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများအနေဖြင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ကြိုးစားအားထုတ်လေ့ကျင့်သွားရန်အထူးမှာကြားလိုကြောင်း၊ လေ့ကျင့်မှုများမှသာ ပြီးပြည့်စုံလာမည်ဖြစ်သည့်အတွက် လေ့ကျင့်မှုများများ ပြုလုပ်သွားရန် လိုကြောင်း၊ ယခုလေ့ကျင့်ရရှိထားသည့် စံချိန်/စံညွှန်းများမှာ အားရကျေနပ်မှုမရှိသော်လည်း လေ့ကျင့်ရန်အချိန်ကာလ ကျန်ရှိသေးသည့်အတွက် ယခုထက်ပိုမိုအားထည့်ပြီး ကြိုးစားလေ့ကျင့်သွားရန်လိုကြောင်း၊ ရာသီဥတုပူပြင်းလာပြီဖြစ်သည့်အတွက် ကျန်းမာရေးအထူးဂရုစိုက်ကြရန်၊ နေထိုင်သွားလာစားသောက်မှုများ ဂရုစိုက်ဆင်ခြင်ရန်နှင့် မိသားစုစိတ်ဓာတ်ထားရှိပြီး စည်းလုံးညီညွတ်မှုရှိရန်လိုကြောင်း၊ အခက်အခဲများရှိပါက တာဝန်ရှိသူများမှတစ်ဆင့် သတင်းပို့တင်ပြနိုင်ကြောင်း၊ အုပ်ချုပ်/နည်းပြများကလည်း မိမိအားကစားသမားများက ယုံကြည်အားကိုးလေးစားမှုရှိအောင် ပြုမူပြောဆိုနေထိုင်သွားရန်နှင့် အားကစားနည်းအလိုက် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် နည်းစနစ်/နည်းဥပဒေများကို အမြဲမပြတ် လေ့လာဆည်းပူး၍ ခံယူချက်ကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသည့် နည်းပြကောင်းများဖြစ်အောင် ကြိုးစားသွားရန်လိုကြောင်း၊ အားကစားသမားများကိုလည်း အရည်အချင်းရှိပြီး ခန္ဓာကိုယ်ပိုင်းသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်သူများဖြစ်အောင် ကြိုးစားလေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် ဦးထိန်လင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေခွဲဝေချထားမှုနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၅**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေ ခွဲဝေချထားမှုနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ပြည်နယ်ညွှန်ကြားရေးမှူးရုံးနှင့် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာတို့မှ တာဝန်ခံများက Online စနစ်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၁၈)ချက်ကို အလေးထား၍ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် အသုံးစရိတ်များကို ခွဲဝေသုံးစွဲရာတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပြင် မိမိ၏ဌာနတွင်း၌ရှိသော ဝန်ထမ်းများအတွက် တိုက်ရိုက် အကျိုးသက်ရောက်ဖြစ်ထွန်းစေမည့် အသုံးစရိတ်များကို စနစ်တကျ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ အသုံးစရိတ်များကိုလည်း လျာထားသည့်အတိုင်း အချိန်မီ ပြည့်ပြည့်ဝဝသုံးစွဲရန် လိုအပ်ပါကြောင်း၊ ခေါင်းစဉ်ပြောင်းသုံးစွဲမှုမဖြစ်စေရန်နှင့် ပြန်လည်အပ်နှံခြင်းမရှိစေရန် ဘဏ္ဍာငွေများကို ချင့်ချိန်သုံးစွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်များကို သုံးစွဲရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်း (၁/၂၀၁၇)၊ (၁/၂၀၂၂) လုပ်ထုံးလုပ်နည်းများနှင့်အညီ အရည်အသွေးစံချိန်စံနှုန်းပြည့်မီအောင် အလေးထား ဆောင်ရွက်သွားကြရန်နှင့် ချမှတ်ထားသည့် သုံးလပတ်ငွေသား စီမံချက်များနှင့်အညီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန်၊ အသုံးစရိတ်များကို စနစ်တကျ စိစစ်ချွေတာသုံးစွဲသွားရန်၊ အကျိုးရှိသည့်နေရာတွင် သုံးစွဲကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ နိုင်ငံတော်မှ ခွဲဝေချပေးသော ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာငွေများကို အလေအလွင့် နစ်နာဆုံးရှုံးမှုများ (လုံး၀)မရှိစေရေးအတွက် မှန်ကန်စွာဖြင့် သုံးစွဲမှုစနစ်ကို အလေးအနက်ထား ဂရုပြုဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ယခင်နှစ်က စီမံကိန်း ၂၄ ခုကို ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်တွင် စီမံကိန်း ၁၈ ခုရှိပြီး Calendar ရေးဆွဲ၍ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့် ပတ်သက်၍ သုတေသနပြု၍ ပြန်လည်တင်ပြရန် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၊ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတော်၏ အကျိုးစီးပွားရလဒ်ကောင်းများကို မိမိကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အားပါဝင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဝန်ကြီးဌာန၏ ဘဏ္ဍာငွေရရှိမှုအခြေအနေကို လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တိုင်းဒေသကြီး/ပြည်နယ်များသို့ ဘဏ္ဍာငွေခွဲဝေချထားမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာတို့မှ တာဝန်ခံများနှင့် တက်ရောက်လာသူများက လိုအပ်သည်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ခြုံငုံသုံးသပ်၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၄၅/၇)ရှိ နဝင်းချောင်းတံတားတိုးချဲ့တည်ဆောက်ရေး လုပ်ငန်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ Naypyitaw State Academy တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် မေ ၂၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် သည် အဆောက်အဦဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)တွင် တည်ဆောက်နေသည့် နဝင်းချောင်းတံတား အရှည်ပေ ၁၉၀ အား မူလနှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက တံတားတိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ချောင်းရေတိုက်စားမှု မဖြစ်စေရေးနှင့် ရေလမ်းကြောင်း မှန်ကန်စေရေး တွက်ချက်ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်ရန်၊ မိုးတွင်းကာလရောက်တော့မည်ဖြစ်၍ တံတားတိုင်လုပ်ငန်းများနှင့် မြေကာနံရံလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်သုံးစက်ယန္တရားများ စနစ်တကျသုံးစွဲစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ အတွင်း အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်နေသည့် Naypyitaw State Academy ရှိ လေးထပ်စာသင်ဆောင်နှင့် ခြောက်ထပ် စာသင်ဆောင်များ ဆောင်ရွက်ပြီးစီးမှုကို လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘွဲ့နှင်းသဘင်ခန်းမ (Convocation Hall) တည်ဆောက်မည့်နေရာနှင့် Naypyitaw State Academy ပင်မဆောင်အရှေ့ မြေကွက်လပ်တွင် အပန်းဖြေဥယျာဉ်ငယ် (Recreation Park) ပြုလုပ်မည့်နေရာတို့တွင် မြေနေရာရှင်းလင်းခြင်း ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် လျာထားစီမံချက်များနှင့် ဒီဇိုင်းပုံစံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက Recreation Park အား ဒီဇိုင်းရေးဆွဲရာ၌ တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ သပ်ရပ်လှပရန်နှင့် အမြင်တင့်တယ်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ် တက်ရောက်သည့် ကျောင်းသားကျောင်းသူများ အဆင့်တန်းရှိရှိ နားနေအပန်းဖြေနိုင်မည့် ဒီဇိုင်းပုံစံဖြစ်ရန် အရေးကြီးပါကြောင်း၊ တက္ကသိုလ်နှင့် လိုက်လျောညီထွေဖြစ်မည့် စိန်ပန်း၊ ပိတောက်၊ ခရေ၊ ကံ့ကော်တို့ဖြင့် လှပဝေဆာစေရေး စနစ်တကျ ပုံစံရေးဆွဲရန်တို့ကို တာဝန်ရှိသူအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုမဲပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းဆောင်ရွက်



**ပဲခူး မေ ၂၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပဲခူးတိုင်းဒေသကြီး၌ မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုမဲပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီ ကိုးပါတီမှ ပါတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အများပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးက ဖြည့်စွက်အမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲ အရာရှိက အီလက်ထရောနစ်မဲပေးစက်အကြောင်း ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်(ယာပုံ)နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌများနှင့် အမှုဆောင်များနှင့် တက်ရောက်သူများက မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် ဆန္ဒမဲပေးကြသည်။

MEVM (Myanmar Electronic Voting Machine) စက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးခြင်းလုပ်ငန်းကို မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံရေးပါတီများမှ ခရိုင်နှင့် မြို့နယ်အဆင့် ပါတီဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အများပြည်သူများက လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် MEVM စက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမှတ်(၇)အထည်စက်ရုံ(မြစ်သား) စက်စွမ်းအားပြည့်လည်ပတ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန် စီမံဆောင်ရွက်

**နေပြည်တော် မေ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ရှိ အမှတ်(၇)အထည်စက်ရုံ(မြစ်သား)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက ၂/၈၀၊ ၁/၄၀၊ ၁/၂၁ နှင့် ၁/၇ ချည်များ ထုတ်လုပ်နေမှု၊ ၂/၈၀ ချည်များကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စမ်းသပ်ထုတ်လုပ်နိုင်မှု၊ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှစတင်၍ စက်စွမ်းအားပြည့်လည်ပတ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန် စီမံဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးမြင့်စိုးက ချည်မျှင်နှင့် အထည်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး အရည်အသွေးကောင်းမွန်သည့် ကုန်ကြမ်းများရရှိရန်၊ ထုတ်လုပ်သည့် စက်ပစ္စည်းများ ကောင်းမွန်ရန်နှင့် နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်ရေး ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် စက်ရုံအတွင်း ချည်များထုတ်လုပ်နေသည့် လုပ်ငန်းစဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး မီးငြိမ်းသတ်ရေးအထောက်အကူပြုပစ္စည်းများ ပြည့်စုံအောင် ဖြည့်ဆည်းထားရန်မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသော ဆေးရုံသုံး ခုတင်နှင့် ဆက်စပ်ပရိဘောဂပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများကို အရည်အသွေးပြည့်မီစွာထုတ်လုပ်ပြီး အချိန်မီပေးသွင်းနိုင်ရန်၊ အိမ်သုံးပစ္စည်းကုန်ချောလက်ကျန်များ ကုန်စင်အောင်ရောင်းချရန်၊ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများ၊ Steel အိမ်သုံး အမယ်သစ်များ တိုးမြှင့်ထုတ်လုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရန်၊ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး စီမံဆောင်ရွက်ကြရန် မှာကြားပြီး Steel အိမ်သုံးပစ္စည်းများ ထုတ်လုပ်နေမှု၊ ဆေးရုံသုံး ခုတင်များ၊ ဆေးရုံပရိဘောဂများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**



# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်နှင့်အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာ

**နေပြည်တော် မေ ၂၅**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသည့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်း ပြတိုက်နှင့် အမျိုးသား ပြတိုက်တို့ကို သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် တပ်မတော်စစ်သမိုင်း ပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး ပြခန်း၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးပြခန်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးပြခန်း၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးပြခန်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြင်ပပြကွက်များကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး (အပေါ်ပုံ) သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများထံ မေးမြန်း ကြသည်။

ယင်းနောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ် ပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခမပြခန်း၊ အာဆီယံပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ ကလေးသူငယ်ပညာပေးပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များပြခန်းနှင့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ယဉ်ကျေးမှုပြခန်းတို့ကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြည့်သားကောင်းမွန် လူရည်ချွန်

❖ ကာယဉာဏ၊ ပြည့်ဝတတ်ပွန်
နိုးကြားထက်မြက်၊ ဘက်စုံထူးချွန်
ငါးတန်ဗလ၊ စွမ်းစရည်မွန်
အားသစ်လောင်း၊ သားကောင်းလူရည်ချွန်။

❖ ခန္ဓာ သန်စွမ်း၊ ကျန်းမာကြံ့ခိုင်
အကျင့်သီလ၊ စာရိတ္တမလျှော့ိုင်
နုနယ်ပျိုမျစ်၊ အားသစ်ပိုင်ဆိုင်
ပြည့်အကျိုး၊ သယ်ပိုးတွဲလက်ခိုင်။

❖ စံနမူပြ၊ အားကျဂုဏ်ယူ
နိုင်ငံ့ရင်သွေး၊ အလေးတမူ
ချီးမြှင့်မြှောက်စား၊ အားပေးထောက်ကူ
ပြည့်ရှေ့လမ်း၊ ဖြောင့်တန်းအောင်လံထူ။

❖ တစ်ကိုးခြောက်လေး၊ မွေးဖွားသန့်စင်
လူရည်ချွန်များ၊ ပြည့်အားပြည့်အင်
မိုးထက်ယံဖျား၊ ကြယ်များသို့ပင်
လင်းလက်လှ၊ ထွန်းပအလှဆင်။

❖ မျိုးဆက်သစ်များ၊ အားထားယုံကြည်
ပြည့်အနာဂတ်၊ နှင်းအပ်ပါမည်
ကံဉာဏ် ဝီရိယ၊ စွမ်းစအရင်းတည်
မြန်မာမျိုး၊ ရှေ့တိုးအောင်ပွဲဆီ။ ။

**ဇော်မင်းမင်းဦး**

## တိမ်အသင့်အတင့်မှတိမ်ထူထပ်နေ

**နေပြည်တော် မေ ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ရန်ကင်းမြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးဇော်ဝင်းအောင် ဦးဆောင်သည့်အဖွဲ့က အမှတ်(၂) ရပ်ကွက်အတွင်း နေထိုင်ကြသော ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုးရရှိနိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၅ ရက်တွင် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပန်းခင်းစီမံချက်(၃) အရ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရန်ကင်းမြို့နယ် လဝကရုံး အနေဖြင့် မြို့နယ်အတွင်းရှိပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်များ ထုတ်ပေးခြင်းကို ပန်းခင်းစီမံချက် အဆင့်(၁)နှင့် (၂) တို့တွင် ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအခါ ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် မြို့နယ်အတွင်းနေ ပြည်သူများအတွက် ဆက်လက်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# ဘားအံမြို့နယ်ရှိ ရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများပေးဝေလှူဒါန်း ယာယီပြောင်းရွှေ့နေထိုင်သူများအား ဆန်ရိက္ခာများထောက်ပံ့

ဘားအံ ဧပြီ ၂၅

**နွေရာသီနေ့အပူချိန်များ မြင့်တက်လာသည်နှင့်အမျှ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအချို့တွင် ရေရှားပါးလာပြီး သောက်ရေ သုံးရေအတွက် အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့လာရသဖြင့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများ ပေးဝေလှူဒါန်းပေးလျက်ရှိရာ ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့လိုက်ကျေးရွာ၌ သောက်သုံးရေများပေးဝေလှူဒါန်းနေမှုအား သွားရောက် ကြည့်ရှုအားပေးခဲ့ကြသည်။** (ယာပုံ)

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့လိုက်ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍အားပေးစကားများပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဂါလန် ၁၆၀၀ ဆံ့ရေသယ်ယာဉ်ခြောက်စီးဖြင့် သောက်သုံးရေများ ပေးဝေလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က နွေရာသီကာလတွင် ရပ်ကွက်/ ကျေးရွာအချို့၌ ရေရှားပါးမှု၊ သောက်သုံးရေမလုံလောက်မှု စသည့်ပြဿနာများကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိရာ သောက်သုံးရေဖြန့်ဝေခြင်းကဲ့သို့ လတ်တလော ဆောင်ရွက်ရသည့် အစီအစဉ်များသာမက ကျေးရွာများ၏ ရေရှားပါးရခြင်း အဓိကအကြောင်းအရင်းများကိုဖော်ထုတ်၍ ဖြေရှင်းနိုင်မည့် ကာလတို၊ ကာလလတ် အစီအမံများကို ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့ ကော့လိုက်ကျေးရွာတွင် စုစုပေါင်းရေဂါလန် ၉၆၀၀ ကျော်ကို ပေးဝေလှူဒါန်းခဲ့ပြီး သတ္တမအကြိမ်မြောက်ပေးဝေလှူဒါန်းခြင်းဖြစ်ကာ ရေရှားပါးသော ကျေးရွာတစ်ရွာလျှင် ရက်သတ္တပတ်တစ်ပတ် နှစ်ကြိမ်နှုန်းဖြင့် ပေးဝေလှူဒါန်းလျက်ရှိကြောင်းနှင့် သောက်သုံးရေရှားပါးသော ရပ်ကွက်၊ ကျေးရွာများ အနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ကရင်ပြည်နယ်အတွင်း နေရာဒေသအချို့တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်း သည့်အတွက် ဘားအံမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများရှိ နီးစပ်ရာဆွေမျိုးများနေအိမ်နှင့် ဘာသာရေး အဆောက်အအုံများတွင် ယာယီပြောင်းရွှေ့နေထိုင်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆန်ရိက္ခာများထောက်ပံ့ပေးအပ်ခဲ့သည့်အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက တရုတ်လှ (ကော့ကျိုက်)၊ ဝင်းကျန်၊ ဖအွံ့၊ နောင်ထလုံး၊ ရွှေတော၊ တော်ပုံ၊ ရဲသာ၊ ကော့ထမ္မလိန်းကျေးရွာအုပ်စုများမှ ယာယီပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၂၂၃ စု၊ လူဦးရေ ၈၆၈ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှထောက်ပံ့သည့် ဆန်အိတ် ၆၀၉ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့၌ အသစ်ထပ်မံဖွင့်လှစ်မည့် အခြေခံပညာနှင့် စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်း(ပြင်ဦးလွင်)နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ပြင်ဦးလွင် ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် အသစ်ထပ်မံဖွင့်လှစ်မည့် အခြေခံပညာနှင့် စက်မှု-စိုက်ပျိုး-မွေးမြူရေးအထက်တန်းကျောင်း (ပြင်ဦးလွင်) နှင့် စပ်လျဉ်း၍ သင်ကြား/သင်ယူမှု အခြေအနေများ၊ အထောက်အပံ့ပေးအပ်နိုင်မည့်အခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်) ၌ ကျင်းပ သည်။



ဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင်က လက်ရှိဖွင့်လှစ်ထားရှိသည့် အခြေခံပညာနှင့် စက်မှု – စိုက်ပျိုး – မွေးမြူရေး အထက်တန်းကျောင်းများ အပါအဝင် ဆက်လက်ဖွင့်လှစ်သွားမည့် ကျောင်းများ၏ သတ်မှတ်ချက်မှုများ၊ သင်ရိုးညွှန်းတမ်းများ၊ဘာသာရပ်များ၊ အခွင့်အလမ်းများကို ရှင်းလင်းပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းသည်။

ထို့နောက် တာဝန်ရှိသူများသည် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ အဆိုပါတွေ့ဆုံပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်)မှ ဆရာဆရာမများ၊ အခြေခံပညာမှ ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖြူလူသစ် (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးမြို့ အစရှိတဲ့ နေရာဒေသတွေမှာ နည်းနည်းပေ့ါ။ ၁ ဒီဂရီလောက်တော့ လာမယ့် ဧပြီ ၂၈ ရက်၊ ၂၉ ရက်တွေမှာ အပူချိန်တိုးနိုင်ပါတယ်။ သင်္ကြန်အပြီးမှာတော့ ပုံမှန်အားဖြင့်တော့ တိုးနေကျပါပဲ။ ဒီနှစ်မှတိုးတာတော့ မဟုတ်ပါဘူး။ သင်္ကြန်ပြီးရင်တော့ များသောအားဖြင့် မေလအထိတောင် အချို့နေရာတွေ ပူသေးတာရှိသေးတယ်။ အဓိကကတော့ မိုးမရွာလို့ပေ့ါလေ။ မိုးမရွာတဲ့အခါကျတော့ အပူချိန်တွေတိုးတာပေ့ါ။ တိုးတာကတော့ မိုးမရွာရင်တော့ တိုး၊ မိုးရွာနိုင်တဲ့အလားအလာတွေရှိရင် တစ်ခါပြန်လျော့၊ ဒီလိုပဲ နွေရာသီကတော့ တိုးလာလိုက်၊ နည်းနည်းလေးပြန်လျော့လာလိုက်နဲ့ပဲ သွားနေတာပေ့ါ”ဟု ဦးလှထွန်းက ပြောသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ဖြစ်ပေါ်ခဲ့သည့်နေ့အပူချိန်အခြေအနေများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီဆဲလ်စီးယပ်မှ ၄ ဒီဂရီဆဲလ်စီးယပ်အထိနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီဆဲလ်စီးယပ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့ကြောင်းနှင့် ဧပြီ ၂၃ရက်တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်၊ ညောင်ဦးမြို့တွင် ၄၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်၊ အောင်လံမြို့တွင် ၄၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်၊ မြင်းမူမြို့တွင် ၄၃ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်၊ မုံရွာမြို့၊ မြင်းခြံမြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စီ၊ တံတားဦး (လေကြောင်းမိုးလေဝသ)နှင့် ပခုက္ကူမြို့တို့တွင် ၄၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စီနှင့် မန္တလေးမြို့တွင် ၄၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်တို့ ဖြစ်ကြောင်းလည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ “မြန်မာပြည်မှာက ချောက်တို့၊ ဘာတို့က အပူပိုင်းဒေသတွေဖြစ်တော့ ပူတာပေ့ါ။ လောလောဆယ်တော့ လက်ရှိမြို့အလိုက် အပူချိန်တွေအရဆိုရင် ချောက်ကတော့ အပူဆုံးပါ” ဟု ၎င်းက ဆိုသည်။

မိုးရွာနိုင်ခြေအနေဖြင့် မြန်မာနိုင်ငံဒေသတွင်သာ မိုးရွာနိုင်ခြေရှိပြီး ကျန်ရှိသည့် အလယ်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဧပြီလကုန်ပိုင်းအထိ မိုးရွာနိုင်မည့်အလားအလာ မတွေ့ရကြောင်းလည်း ဆိုသည်။ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနမှလည်း အသိပေးထုတ်ပြန်ထားရှိသည့်အတွက် လိုက်နာဆောင်ရွက်ရန် တကယ်တမ်းနေအလွန်ပူတဲ့အချိန်က နံနက် ၁၁ နာရီနဲ့ မွန်းလွဲ ၃ နာရီကြားက အပူဆုံးအချိန်ဖြစ်နေပြီး အရိပ်ရသည့်နေရာများတွင် နေထိုင်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များကို လိုက်နာကြဖို့ လိုအပ်ကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

**MT**

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၅-၄-၂၀၂၄ ရက်နေ့ အမြင့်ဆုံး နေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၅.၄ | ၁၁၃.၇ |
| ၂။ | မြင်းခြံ | ၄၄.၄ | ၁၁၁.၉ |
| ၃။ | အောင်လံ | ၄၃.၆ | ၁၁၀.၅ |
| ၄။ | ညောင်ဦး | ၄၃.၅ | ၁၁၀.၃ |
| ၅။ | ပခုက္ကူ | ၄၃.၅ | ၁၁၀.၃ |
| ၆။ | စစ်ကိုင်း | ၄၃.၃ | ၁၀၉.၉ |
| ၇။ | ဆင်ဖြူကျွန်း | ၄၃.၂ | ၁၀၉.၈ |
| ၈။ | မြင်းမူ | ၄၃.၁ | ၁၀၉.၆ |
| ၉။ | မကွေး | ၄၃.၁ | ၁၀၉.၆ |
| ၁၀။ | ကျောက်ဆည် (လွန်ကျော်) | ၄၃.၀ | ၁၀၉.၄ |

❒ *ကျောဖုံးမှ*

သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ဖာနန်ဒက်စ်သည် မန်ယူအသင်း၏ ပြီးခဲ့သည့် ငါးပွဲတွင် သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်အထိ ပြုလုပ်ထားနိုင်ပြီဖြစ်သည်။

မန်ယူအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိခဲ့သောကြောင့် လိဂ် ၃၃ ပွဲကစားပြီး ရမှတ် ၅၃ မှတ် စုဆောင်း ထားနိုင်သော်လည်း ဥရောပဝင်ခွင့်ရရှိရေး မျှော်လင့်ချက် ဆက်လက်မှေးမှိန်နေဆဲဖြစ်သည်။ ပြိုင်ဘက် ရှက်ဖီးလ် အသင်းက ၃၄ ပွဲကစားပြီး ရမှတ် ၁၆ မှတ်သာ စုဆောင်းထားနိုင်သောကြောင့် တန်းဆင်းရမည့် အခြေအနေနှင့်အလွန်နီးစပ်လာပြီဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၂၉) မှ ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် အဲဗာတန်နှင့် လီဗာပူး၊ ခရစ္စတယ်ပဲလေ့စ်နှင့် နယူးကာဆယ်၊ ဝုဖ်နှင့် ဘုန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဘုန်းမောက်က ဝုဖ်ကို တစ်ဂိုး – ဂိုးမရှိ၊ ခရစ္စတယ်ပဲလေ့စ်က နယူးကာဆယ်ကို နှစ်ဂိုး – ဂိုးမရှိ၊ အဲဗာတန်က လီဗာပူးကို နှစ်ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# စားသုံးဆီများ ကျန်းမာရေးနှင့်ညီညွတ်၍ ဖူလုံစွာသုံးစွဲနိုင်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းနေ

သျှင်မေ



ထမင်းနဲ့ဟင်း တွဲဖက်စားသုံးတဲ့ မိမိတို့နိုင်ငံမှာ ဟင်းလျာတွေ ကြော်လှော်ချက်ပြုတ်တဲ့အခါ မဖြစ်မနေ "ဆီ"ကို အသုံးပြုကြပါတယ်။ ဆီက မရှိမကောင်း၊ ရှိမကောင်း၊ စားလည်းမကောင်း၊ မစားလည်းမကောင်းတဲ့ အရာတစ်ခုပါ။

ခန္ဓာကိုယ်အတွက် လိုအပ်တဲ့စွမ်းအင်ကို ဆီကနေရနိုင်ပေမယ့် ပမာဏများများ လိုအပ်တာတော့မဟုတ်ပါဘူး။ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ပမာဏထက် ပိုမိုစားသုံးမိမယ်ဆိုရင် နှလုံးသွေးကြောကျဉ်းတာ၊ အသည်းအဆီဖုံးတာနဲ့ လေဖြတ်တာတွေကို အများဆုံးရင်ဆိုင်ရနိုင်ပါတယ်။ နေ့စဉ်စားသောက်ကုန်တွေအားလုံးမှာ ဆီကိုရှောင်တယ်လို့ ဘယ်လောက်ပြောပြော အစာစားနေသရွေ့ ဆီရှောင်နိုင်ဖို့ မလွယ်ကူပါဘူး။ ဆီရဲ့ ဆိုးကျိုးတွေကိုသိပြီး ကိုယ့်အကြိုက် ကိုယ့်ဝင်ငွေနဲ့လည်းကိုက်ညီ၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဆီကို ရွေးချယ်သုံးနိုင်ဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ်စားသုံးဆီသုံးစွဲမှုက တန်ချိန် ၁၂ သိန်းခန့်ရှိပါတယ်။ ပြည်တွင်းထုတ်လုပ်နိုင်မှုက တန်ချိန် သုံးသိန်းခန့်သာရှိနေပြီး ပျမ်းမျှအားဖြင့် နှစ်စဉ်တန်ချိန် ကိုးသိန်းခန့်ကို ပြည်ပကနေ တင်သွင်းနေရပါတယ်။ ဆီအများစုကို အင်ဒိုနီးရှားနိုင်ငံကနေ တင်သွင်းနေပြီး မလေးရှားနဲ့ ထိုင်းနိုင်ငံတို့ကလည်း ဆီတင်သွင်းကာ ပြည်တွင်းမှာ ဖြန့်ဖြူးရောင်းချပါတယ်။

### မပြည့်ဝဆီနဲ့ ပြည့်ဝဆီ

ဆီကို ခတ်ခွဲစမ်းသပ်မယ်ဆိုရင် မပြည့်ဝဆီနဲ့ ပြည့်ဝဆီတွေနဲ့ ဖွဲ့စည်းထားပါတယ်။ မပြည့်ဝဆီက ကျန်းမာရေးနဲ့ညီညွတ်ပြီး ပြည့်ဝဆီကတော့ ကျန်းမာရေးကို ထိခိုက်နိုင်တဲ့အတွက် ဆီရွေးချယ်တဲ့အခါ ပြည့်ဝဆီနည်းနိုင်သမျှ အနည်းဆုံးနဲ့ မပြည့်ဝဆီ များများပါတဲ့ဆီတွေကို ရွေးချယ်စားသုံးသင့်ပါတယ်။ ဆီကို ဆီထွက်သီးနှံတွေကနေ ရရှိသလို တိရစ္ဆာန်တွေဆီကနေလည်း ရရှိပါတယ်။ ပုံမှန်အားဖြင့်တော့ သီးနှံတွေကနေ ရရှိတဲ့ဆီတွေက မပြည့်ဝဆီ ပိုမိုပါဝင်နေတတ်ပါတယ်။ ကမ္ဘာပေါ်မှာ စားသုံးဆီထုတ်လုပ်တဲ့ ဆီထွက်သီးနှံအမျိုးမျိုး အနက် အဓိကအားဖြင့် လေးမျိုးရှိပါတယ်။ ပဲပုပ်ဆီ၊ နေကြာဆီ၊ မုန်ညင်းဆီနဲ့ စားအုန်းဆီတို့ဖြစ်ပြီး မြန်မာနိုင်ငံမှာတော့ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနဲ့ နိုင်ငံခြားကနေ တင်သွင်းလာတဲ့ စားအုန်းဆီတွေကို အဓိကထားပြီး စားသုံးနေကြပါတယ်။

ဆီစားသုံးမှုက မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ ကမ္ဘာအရပ်ရပ်မှာ စားသုံးကြပါတယ်။ အသုံးအများဆုံးကတော့ ပဲပုပ်စေ့ကနေ ရရှိတဲ့ ပဲပုပ်ဆီဖြစ်ပြီး ကမ္ဘာ့ဆီသီးနှံထွက်ရှိမှုရဲ့ ၅၈ ရာခိုင်နှုန်းရှိပါတယ်။ အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေမှာ ပဲပုပ်စိုက်ပျိုးမှုကနေ အဓိကထုတ်လုပ်နေကြတာကို တွေ့ရှိရပါတယ်။ မုန်ညင်းဆီကတော့ ဆီပါဝင်မှု ၄၀ ရာခိုင်နှုန်းရှိသလို ဆီထွက်ရှိမှုက ၁၈ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ဥရောပနိုင်ငံတွေနဲ့ တရုတ်၊ ကနေဒါ၊ ဩစတြေးလျနိုင်ငံတွေမှာ အများဆုံးထွက်ရှိပါတယ်။ ကမ္ဘာပေါ်မှာ တတိယအများဆုံး အသုံးပြုတဲ့ဆီကတော့ နေကြာဆီဖြစ်ပါတယ်။ နေကြာစေ့မှာ ဆီပါဝင်မှု ၂၂ ရာခိုင်နှုန်းကနေ ၃၂ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာ့ဆီထွက်သီးနှံထုတ်လုပ်မှုရဲ့ ၈ ရာခိုင်နှုန်းအထက်ရှိပါတယ်။ ရုရှား၊ ယူကရိန်းနဲ့ အာဂျင်တီးနားနိုင်ငံတွေမှာ အများဆုံးထုတ်လုပ်ကြတာကို မြင်တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာတော့ အဓိကအများဆုံး စားသုံးကြတဲ့ ဆီတွေအနက် မြေပဲဆီက မပြည့်ဝဆီ ပါဝင်မှုများလို့ ကျန်းမာရေးနဲ့ သင့်တော်တဲ့ ဆီအမျိုးအစားတစ်ခုဖြစ်ပါတယ်။ ပြည့်ဝဆီပါဝင်မှုနည်းတဲ့အတွက် ကိုလက်စထရော မပါဝင်တာကြောင့် နှလုံးရောဂါ၊ လေဖြတ်နဲ့ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်စေနိုင်ပါတယ်။ အိုမီဂါ ၆ နဲ့ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အခြားအာဟာရတွေ ပါဝင်တဲ့အပြင် အခြားဆီတွေနဲ့ နှိုင်းယှဉ်ရင် အပူချိန်မြင့်မြင့်နဲ့ ကြော်လှော်ခြင်းကို ခံနိုင်ရည်ရှိတယ်လို့ သိရပါတယ်။

ထို့အတူပဲ အနံ့အရသာနဲ့ ပြည့်စုံတဲ့ နှမ်းဆီကိုလည်း ပြည်တွင်းမှာ အသုံးပြုကြပါတယ်။ နှမ်းဆီမှာ Antioxidant နဲ့ Polyunsaturated ကြွယ်ဝစွာ ပါဝင်လို့ သွေးပေါင်ချိန်ထိန်းညှိမှုကို ပံ့ပိုးပေးနိုင်ပါတယ်။ ထို့အတူ ဗီတာမင်အီးပါဝင်လို့ သွေးတွင်းအဆီများ ချေဖျက်ရာမှာ အသုံးဝင်တဲ့အတွက် ခန္ဓာကိုယ်လှပကျော့ရှင်းစေဖို့ မရှိမဖြစ် သုံးစွဲသင့်တဲ့ ဆီအမျိုးအစားဖြစ်ပါတယ်။ ထို့အတူ ကော့ပါး၊ မဂ္ဂနီဆီယမ်နဲ့ မဂ္ဂနီဆီယမ်တို့ ကြွယ်ဝစွာ ပါဝင်လို့ အဆစ်အမြစ်ရောင်ရမ်းတာ၊ အရိုးနဲ့ အူလမ်းကြောင်းပြဿနာ၊ သွေးကြောပြဿနာတွေကို အကောင်းဆုံးဖြေရှင်းပေးနိုင်တဲ့ ဆီအမျိုးအစားဖြစ်ပါတယ်။

ပြည်တွင်းမှာ အဓိကသုံးစွဲကြတဲ့ နောက်ထပ်ဆီထွက်သီးနှံကတော့ နေကြာဖြစ်ပါတယ်။ နေကြာဆီမှာ ပြည့်ဝဆီပါဝင်မှု ၁၀ ရာခိုင်နှုန်းသာရှိတာမို့ အခြားဆီတွေထက် အသုံးပြုဖို့ အသင့်တော်ဆုံးဖြစ်ပြီး ချက်ပြုတ်ရာတင်သာမက အလှကုန်အဖြစ်လည်း သုံးစွဲနိုင်ပါတယ်။ ဗီတာမင်အီး ကြွယ်ဝတဲ့အတွက် အရွယ်တင်နုပျိုခြင်း၊ သွေးတွင်းကိုလက်စထရောများ လျှော့ချပေးနိုင်ခြင်း စတဲ့ ကောင်းကျိုးတွေကို အသုံးပြုရင်း ရရှိစေပါတယ်။

### ဆီထွက်သီးနှံအထွက်တိုးစေဖို့ ကြပ်မတ်ဆောင်ရွက်

မိမိတို့နိုင်ငံမှာ ဆီထွက်သီးနှံတွေ ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ပြည့်မီနိုင်စေရေးအတွက် နိုင်ငံတော်က ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)မှာ ဆီထွက်သီးနှံနှင့်ပတ်သက်လို့ နိုင်ငံအနေနဲ့ နှစ်စဉ်ပြည်ပက စားသုံးဆီတွေကို တင်သွင်းနေရပြီး ပြည်တွင်းကထွက်ရှိတဲ့ ဆီထွက်သီးနှံထွက်ကုန်တွေကိုတော့ ပြည်ပကို တင်ပို့နေရကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာ ထွက်ရှိနိုင်ရေးနှင့် အချက်အလက် မှန်ကန်စွာ ရယူနိုင်ရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် အချက်(၄)ချက်သည် အဓိကအရေးကြီးသဖြင့် စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းအတိုင်း ပြည့်ဝစွာထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်ပငွေသုံးစွဲမှု များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားထားပါတယ်။

ပြည်တွင်းစားသုံးဆီလိုအပ်ချက် ပြည့်မီစေဖို့ အထူးစီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ်ကနေစတင်ပြီး မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံတွေကို ဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးရမယ့်ပမာဏအတိုင်း စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိစေဖို့ ရှေ့ပြေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီမှာ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံသုံးမျိုးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ သွင်းအားစု ပံ့ပိုးပေးတဲ့စနစ်နဲ့ စီမံကိန်းရေးဆွဲတာတွေအပြင် ချေးငွေပံ့ပိုးမှုအနေနဲ့ မြေပဲတစ်ဧကငွေကျပ် သုံးသိန်း၊ နှမ်းတစ်ဧက ငွေကျပ် ၁ ဒသမ ၅ သိန်းနဲ့ နေကြာတစ်ဧက ငွေကျပ် နှစ်သိန်းနဲ့ ညီမျှတဲ့ သွင်းအားစုတွေ ထောက်ပံ့ပေးခဲ့ပါတယ်။

**❍ ဆီထွက်သီးနှံအထူးဇုန်တွေ ဖော်ဆောင်ရာမှာ တောင်သူတွေကို မျိုးစေ့နဲ့ သွင်းအားစုရရှိအောင် စီစဉ်ပေးမယ့်အပြင် မြေဆီလွှာပညာရှင်တွေ၊ မျိုးစေ့ပညာရှင်တွေနဲ့ ပိုးမွှားရောဂါကာကွယ်ရေးပညာရှင်တွေ၊ အထူးအရာရှိတွေပါဝင်တဲ့ ပညာရှင်အဖွဲ့က ဒေသအလိုက် မြေပဲ၊ နှမ်း၊ နေကြာ စတဲ့အသိပညာပေး စည်းရုံးဟောပြောခြင်းတွေ၊ အထူးဇုန်အတွင်း ပါဝင်မယ့် တောင်သူတွေကို မိရိုးဖလာစိုက်ပျိုးနည်းစနစ်ထက် သွင်းအားစု လိုအပ်ချိန်မှာ သွင်းအားစုအချိန်မှန်ထည့်သွင်းနိုင်ဖို့၊ ရောဂါပိုးမွှားများ ကျရောက်တဲ့အခါ အချိန်မီကာကွယ်နိုင်ဖို့၊ ရေလိုအပ်ချိန် စိုက်ပျိုးရေ ဖြည့်ဆည်းနိုင်ဖို့ ပေါင်းစပ်ဆောင်ရွက်ခြင်းနည်းလမ်းတွေနဲ့ အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်**

စာမျက်နှာ ၁၁ သို့



# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၁၉၅၂ ဦးအတွက် ဖန်တီးပေး

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ဧပြီ ၂၄ ရက်က ရန်ကင်းမြို့နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့် ပစ္စည်းနမူနာ ပြသထားရှိမှုများကို ကြည့်ရှုကြသည်။

ထို့နောက် အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုတို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ပဲအမျိုးမျိုး၊ နှမ်းနှင့် ပြောင်းကြိတ်ခွဲသန့်စင် ထုပ်ပိုး၍ ၁၀၀ ရာခိုင်နှုန်း ပြည်ပတင်ပို့ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် စက္ကူအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် သတို့သမီး ဝတ်စုံများ ချုပ်လုပ်ခြင်း လုပ်ငန်းတို့ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ မြန်မာငွေကျပ် သန်းလေးထောင်နှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၀၃ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၉၅၂ ဦးအတွက် ဖန်တီးပေးနိုင်မည် ဖြစ်သည်။

ယင်းနောက် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ငါးခု၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု သွားရောက်ကြည့်ရှု

**မော်လမြိုင် ဧပြီ ၂၅**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်း အခမ်းအနားကို ဧပြီ ၂၄ ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအရ ငွေကြေးကုန်ကျစိုက်ထုတ်ရမှု လျော့နည်းစေ၍ လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး၊ ရောဂါရှိသော်လည်း ရောဂါလက္ခဏာ မပြသေးသောသူများတွင် ကြိုတင်၍ ရောဂါရှာဖွေစစ်ဆေးခြင်းဖြင့် စောစီးစွာ ကုသနိုင်ခြင်းကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ရှောင်လွှဲနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း အပြင် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၅၀၀ ၌ သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သက်နိုင် (မော်လမြိုင်)**



*စာမျက်နှာ ၁၀ မှ*

### အထူးဇုန်များဖော်ဆောင်နေ

ယခုဘဏ္ဍာနှစ်အတွင်းမှာပဲ ဆီထွက်သီးနှံကို အထူးဇုန်တွေအနေနဲ့ စိုက်ဧက သုံးသန်း စိုက်ပျိုးသွားမှာဖြစ်ပြီး မြေပဲ ၊ နှမ်း ၊ နေကြာတွေကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာ အထူးဇုန်တွေ သတ်မှတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံအထူးဇုန်တွေ ဖော်ဆောင်ရာမှာ တောင်သူတွေကို မျိုးစေ့နဲ့ သွင်းအားစုရရှိအောင် စီစဉ်ပေးမယ့်အပြင် မြေဆီလွှာပညာရှင်တွေ၊ မျိုးစေ့ပညာရှင်တွေနဲ့ ပိုးမွှားရောဂါကာကွယ်ရေး ပညာရှင်တွေ၊ အထူးအရာရှိတွေပါဝင်တဲ့ ပညာရှင်အဖွဲ့က ဒေသအလိုက် မြေပဲ၊ နှမ်း၊နေကြာ စတဲ့ အသိပညာပေး စည်းရုံးဟောပြောခြင်းတွေ၊ အထူးဇုန်အတွင်း ပါဝင်မယ့် တောင်သူတွေကို မိရိုးဖလာစိုက်ပျိုးနည်းစနစ်ထက် သွင်းအားစုလိုအပ်ချိန်မှာ သွင်းအားစု အချိန်မှန်ထည့်သွင်းနိုင်ဖို့၊ ရောဂါပိုးမွှားများ ကျရောက်တဲ့အခါ အချိန်မီကာကွယ်နိုင်ဖို့၊ ရေလိုအပ်ချိန် စိုက်ပျိုးရေဖြည့်ဆည်းနိုင်ဖို့ ပေါင်းစပ်ဆောင်ရွက်ခြင်းနည်းလမ်းတွေနဲ့ အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံ စိုက်ပျိုးဧက ၈ ဒသမ ၃ သန်း ခန့်ရှိတဲ့အနက် ဧက ၃ သန်းကို ကနဦးအနေနဲ့ ဆီထွက်သီးနှံ အထူးဇုန်အဖြစ် စတင်အကောင်အထည်ဖော်နေတာပါ။



**ပြည်တွင်းမှာ လိုအပ်တဲ့ဆီတွေကို နှစ်စဉ် ပြည်ပကနေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ဖိုး တင်သွင်းနေရတဲ့အတွက် နိုင်ငံခြားငွေ ပိုမိုသုံးစွဲနေရတဲ့အတွက် အခုလို နိုင်ငံ့စီးပွားရန်ပုံငွေသုံးစွဲပြီး ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်တွေကို ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကနေ ဦးစီးလုပ်ဆောင်နေပြီး အဆင့်မီဆီစက်တွေ တပ်ဆင်တာ၊ အသစ်တည်ဆောက်တာနဲ့ လက်ရှိ ဆီစက်တွေ အဆင့်မြှင့်တင်တာတွေကိုတော့ ဆီစက်ချေးငွေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့တွေက ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။**

### ဆီစက်များအတွက် ဖြည့်ဆည်းပေးနေ

ပြည်တွင်းထုတ်လုပ်မှုစာရင်းတွေအရ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းအထိ တစ်နိုင်ငံလုံးမှာ အကြီးစားဆီစက် ၂၃၀ ကျော်၊ အလတ်စားဆီစက် ၉၂၀ ကျော်နဲ့ တစ်နိုင်တစ်ပိုင် ဆီစက်ငယ် ၃၁၀၀ ကျော်ရှိပါတယ်။ တစ်နှစ်ကို စားသုံးဆီထုတ်လုပ်မှုကတော့ တန်ချိန် ၆၆၀၀၀ ကျော်ရှိပြီး ပြည်တွင်းလိုအပ်ချက်ကတော့ လက်ရှိအချိန်အထိ လိုအပ်နေဆဲပဲ ဖြစ်ပါတယ်။ မြန်မာ့ဆီထွက်သီးနှံတွေ ပြည်ပကို ကုန်ကြမ်းလုံးဆန်အတိုင်း တင်ပို့ရောင်းချခြင်းတွေနဲ့ ပြည်တွင်း ရိုးရာပုံစံစားသုံးမှုတွေကြောင့် ဆီစက်တွေ ကုန်ကြမ်းရရှိဖို့ ခက်ခဲနေရပြီး စက်စွမ်းအားအပြည့် မလည်ပတ်နိုင်ကြတာကိုလည်း မြင်တွေ့ရပါတယ်။

ပြည်တွင်းစားသုံးဆီဈေးကွက်မှာ ပြည်ပကနေ တင်သွင်းလာတဲ့ စားအုန်းဆီတွေရဲ့ ဈေးနှုန်းကို မယှဉ်နိုင်တာ၊ ဓာတုဗေဒပစ္စည်းအသုံးပြု အရောင်၊ အနံ့များ ပေါင်းစပ်ထားတဲ့ ပြုပြင်ရောင်းချတဲ့ ဆီတွေက ဈေးကွက်မှာ စားသုံးသူတွေ လက်ခံသုံးစွဲနေကြတာကလည်း ပြည်တွင်းဆီစက်တွေအဖို့ အခက်အခဲတစ်ရပ်ဖြစ်ပါတယ်။ ကုန်ကြမ်းရရှိမှု အားနည်းခြင်းနဲ့ ကုန်ချောကို ဈေးကွက်မှာ မမှန်မကန်များအကြား ယှဉ်ပြိုင်နေရခြင်းကလည်း ပြည်တွင်းဆီစက်လုပ်ငန်းများကို များစွာအထိနာစေခဲ့ပါတယ်။

နိုင်ငံတော်အနေနဲ့ ဆီကြိတ်ခွဲထုတ်လုပ်ဖို့အတွက် ငွေကြေးအရင်းအနှီးလိုအပ်ပြီး ချေးငွေမရရှိသေးတဲ့ ဆီစက်လုပ်ငန်းရှင်တွေကို ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအဖြစ် တစ်ဦးကို အများဆုံးငွေကျပ်သိန်း ၃၀၀၀ အထိ ထပ်မံထုတ်ချေးပေးသွားမယ်လို့ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က ပြီးခဲ့တဲ့လက ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ဆီစက်လုပ်ငန်းရှင်တွေကို ထုတ်ချေးပေးမယ့် ချေးငွေပမာဏကတော့ လုပ်ငန်းသုံး လည်ပတ်ရင်းနှီးငွေ (working capital) အတွက် ငွေကျပ်သိန်း ၁၀၀ ကနေ ငွေကျပ်သိန်း ၃၀၀၀ အထိ၊ မတည်ရင်းနှီးငွေ (Fixed Capital)အတွက် ငွေကျပ်သိန်း ၂၀၀ မှ အများဆုံး ငွေကျပ်သိန်း ၃၀၀၀ အထိဖြစ်တယ်လို့ သိရပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုတို့မှ ဆီစက်ပိုင်လုပ်ငန်းရှင် ၂၁ ဦး ဆီစက်ချေးငွေအဖြစ် ငွေကျပ် ၁၇၇၃ သန်း ထုတ်ချေးထားခဲ့တဲ့အတွက် ပြည်တွင်းဆီစက်များ ပြန်လည်ဦးမော့လာကာ ထုတ်လုပ်မှု တိုးတက်လာနိုင်တာနဲ့အမျှ ပြည်သူတွေ စားဆီသုံးစွဲမှုစရိတ် လျှော့ချလာနိုင်မယ်လို့ ခန့်မှန်းရပါတယ်။

ဒေသတွင်းထွက်ရှိတဲ့ မြေပဲ၊ နှမ်းနဲ့ နေကြာ အစရှိတဲ့ ဆီထွက်သီးနှံတွေကို အရည်အသွေးမြင့် ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်ရောင်းချနိုင်လာတဲ့အခါ စားသုံးသူတွေအနေနဲ့လည်း ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ စားသုံးနိုင်မှာဖြစ်သလို ပြုပြင်ရောနှောထားတဲ့ ကျန်းမာရေးနဲ့မညီညွတ်တဲ့ ဆီတွေကို သုံးစွဲနေရခြင်းကနေလည်း များစွာလျော့နည်းသွားစေမှာဖြစ်တဲ့အပြင် စားသုံးဆီတွေရဲ့ စံချိန်စံညွှန်းနဲ့ အရည်အသွေးကို ထိန်းချုပ်မြှင့်တင်ခြင်းကနေ ပြည်ပကို တင်ပို့နိုင်တဲ့အထိ မျှော်မှန်းဆောင်ရွက်ခြင်းဖြင့် ကျန်းမာတဲ့ နေ့စဉ်ဘဝတွေအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ကချင်ပြည်နယ်မှ ယာယီတိမ်းရှောင်အိမ်ထောင်စုများ အမိုးအကာဖြင့် လုံခြုံစွာနေထိုင်စားသောက်နိုင်ရေး ဆောင်ရွက်ပေး

**မြစ်ကြီးနား ဧပြီ ၂၅**

ကချင်ပြည်နယ် အတွင်း လတ်တလော နယ်မြေအခြေအနေအရ နေရပ်ကျေးရွာများကို စွန့်ခွာ၍ ဘာသာရေးအသင်းအဖွဲ့များ၏ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသော အိမ်ထောင်စုများအား နေထိုင်စားသောက်မှု အဆင်ပြေစေရေး ပြည်နယ်အစိုးရက စီစဉ်ထောက်ပံ့ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက် ထိန်နန်သည် ဧပြီ ၂၄ ရက်တွင် ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီတိမ်းရှောင်ပြည်သူများ မိုးမကျမီ ဆောလျင်စွာ အမိုးအကာဖြင့် လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဝိုင်းမော်မြို့ နောင်ချိန်းကျေးရွာသို့ သွားရောက်ပြီး နောင်ချိန်းနှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်းခန်းမဆောင်၌ ဌာနေပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်နှင့် အတူ ယာယီတိမ်းရှောင် ခိုလှုံနေထိုင်လျက်ရှိသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပထမအကြိမ် လာရောက်တွေ့ဆုံပြီး မိသားစုများအတွက် အခြေခံ စားသောက်ကုန်များနှင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီးဖြစ်ကာ ယနေ့ဒုတိယအကြိမ်အဖြစ် မိသားစုများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အပြင် အဓိကအရေးကြီးသည့် အမိုးအကာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေး အမြန်ဆုံးစီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် မိသားစုများ၏ လိုအပ်ချက်များကို မိမိတို့အနေဖြင့်လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့များအနေဖြင့်လည်းကောင်း အားလုံးအတူလက်တွဲပြီး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။





ထို့နောက် နောင်ချိန်းကျေးရွာအုပ်စုအတွင်းသို့ ယာယီတိမ်းရှောင်လာကြသည့် အိမ်ထောင်စုများအတွက် စခန်းဖွင့်လှစ်ဆောင်ရွက်ထားသည့် အ.ထ.က(နောင်ချိန်း)၊ KBC ခြံဝင်း၊ ရွှေညောင်ပင် ပန်းခြံ၊ လော်ဝေါ် နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းနှင့် ဆွေမျိုးနေအိမ်များတွင် တိမ်းရှောင်နေထိုင်လျက်ရှိသော အိမ်ထောင်စု ၃၄၈ စု၊ လူဦးရေ ၁၄၃၀ တို့ကိုယ်စား စခန်းတာဝန်ခံများက မိသားစုများ နေထိုင်စားသောက်မှုအတွက် လိုအပ်ချက်၊ အခက်အခဲများကို တင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများ ယာယီနေထိုင်လျက်ရှိသည့် စခန်းများအတွင်း နေအိမ်အဆောက်အအုံတန်းလျားများ ပြုပြင်ပေးနိုင်ရေး၊ အသစ်တည်ဆောက်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ် အဆင့်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ အိမ်ထောင်စုများအတွက် မုန့်များကို ဝေငှပေးခဲ့သည်။ (ဝဲပုံ)

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မိုင်းနားကျေးရွာအုပ်စု မခေါယန်ကျေးရွာအတွင်းရှိ RC အသင်းတော်ပိုင်ဝင်းအတွင်း မြို့နယ်အတွင်းရှိ ကျေးရွာများမှ တိမ်းရှောင်လာသော မိသားစုများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်လျက်ရှိသည့် နေအိမ်တန်းလျားများ တည်ဆောက်နေမှု အခြေအနေများ၊ ရေရရှိရေး ဆောင်ရွက်ပေးထားသည့် အခြေအနေများကိုလည်းကောင်း၊ မိုင်းနား KBC ယာယီစခန်း၌ ထပ်မံတိမ်းရှောင်လာသည့် မိသားစုများ နေထိုင်မှုအတွက် နေအိမ်များ ပြင်ဆင်ဆောက်လုပ်နိုင်ရေး ကိစ္စရပ်များ၊ စားနပ်ရိက္ခာ ထောက်ပံ့နိုင်ရေးအတွက် ဆန်အိတ်များ ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် လိုအပ်သည်များနှင့် စပ်လျဉ်း၍ ပံ့ပိုးကူညီပေးရမည့် ကိစ္စရပ်များကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ ထပ်မံပံ့ပိုးပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

**ပြည်နယ်(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ်၊ ဧပြီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဧပြီလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား) တို့၏ "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ကိုကျော်စွာ (ကျိုက်ပိ)၊ ရှင်စောဖြူတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ပါမောက္ခကိုကိုအောင်၊ သီတာမြတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ထီလာစိုးမြင့်ထယ်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာဆောင်းပါး၊ မြသိန်း၊ ရဲထက်ဇော်တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ သန့်လွင်ထွန်း (MPA) ၏ မသန်စွမ်းသူများဆိုင်ရာ ဆောင်းပါး၊ ခင်မောင်အေး၏ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆောင်းပါး၊ ခြယ်မှုန်းသီ၏ အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါး၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ စောနိုင် (အသုံးချဘောဂဗေဒ) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း၊ ကိုကိုအောင် (အလုပ်သမား)၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ရန်ကုန်ဌေးဇော်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂျပန်နိုင်ငံ MEXT ၏ ပညာသင်ဆုပရိုဂရမ်များအတွက် စတင်စာရင်းပေးသွင်းနိုင်

**ရန်ကုန် ဧပြီ ၂၅**

ဂျပန်နိုင်ငံ၏ အစိုးရဝန်ကြီးဌာနဖြစ်သော Ministry of Education, Culture, Sports, Science and Technology(MEXT)မှ ၂၀၂၅ ခုနှစ် ပညာသင်နှစ်အတွက် ပေးအပ်မည့် Undergraduate Students Scholarship Program များအတွက် ဧပြီ ၂၃ ရက်ကပင် စတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် မေ ၆ ရက်တွင် လျှောက်လွှာစာရွက်စာတမ်းများကို စတင်လက်ခံမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်းက အသိပေးကြေညာထားသည်။

လျှောက်ထားရန် ပညာအရည်အချင်း လိုအပ်ချက်အနေဖြင့် Undergraduate ပရိုဂရမ်သို့ တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်ပေါင်း ၄၅၀ နှင့်အထက် (သို့မဟုတ်) EJU, Cambridges International (A) Level, iGCSE, GCE (A) Level စသည့် နိုင်ငံတကာ အသိအမှတ်ပြု စာမေးပွဲများတွင် အမှတ်ပေါင်း ၆၀ ရာခိုင်နှုန်းအထက် ရရှိထားသူများ၊ College of Technology Training Student ပရိုဂရမ်နှင့် Specialized Training College Students ပရိုဂရမ်များသို့ တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်ပေါင်း ၄၂၀ နှင့်အထက် (သို့မဟုတ်) EJU, Cambridges International (A) Level, iGCSE, GCE (A) Level စသည့် နိုင်ငံတကာ အသိအမှတ်ပြု စာမေးပွဲများတွင် အမှတ်ပေါင်း ၅၀ ရာခိုင်နှုန်းအထက် ရရှိထားသူများ လျှောက်ထားနိုင်ကြောင်း ပါရှိသည်။

MEXT မှ သတ်မှတ်ထားသည့် လမ်းညွှန်ချက်များအရ လက်ရှိမြန်မာနိုင်ငံတွင်း နေထိုင်သူများသာ လျှောက်ထားနိုင်ကြောင်းသိရပြီး လျှောက်လွှာစာရင်းသွင်းခြင်း (Google Form) ကို ဧပြီ ၂၃ ရက်မှ မေ ၇ ရက် ညနေ ၄ နာရီအထိလည်းကောင်း၊ လျှောက်လွှာစာရွက်စာတမ်းများ ပေးပို့တင်သွင်းခြင်းကို မေ ၆ ရက်မှ ၁၁ ရက် ညနေ ၄ နာရီအထိလည်းကောင်း သတ်မှတ်ထားသည်။

သတ်မှတ်ထားသည့် လျှောက်လွှာနှင့်အတူ ပညာအရည်အချင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို MAJA ရုံးခန်းသို့ လူကိုယ်တိုင်/ကိုယ်စားဖြစ်စေ၊ စာတိုက်/အမြန်ချောပို့များမှတစ်ဆင့်ဖြစ်စေ မေ ၁၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ လျှောက်လွှာနှင့် ပညာအရည်အချင်း အထောက်အထားများ စိစစ်၍ သတ်မှတ်ချက်နှင့် ပြည့်စုံသော လျှောက်ထားသူများအနက် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူစာရင်းကို မေ ၁၅ ရက်တွင် ကြေညာမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို မေ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကာ ပဏာမအဆင့် အောင်မြင်သူများကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဆက်လက်ရွေးချယ်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**MT**

## မုဒုံမြို့ စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပျိုးပင် ၃၅၀၀၀ ပျိုးထောင်ထားရှိ

**မုဒုံ ဧပြီ ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ် သစ်တောဦးစီးဌာနသည် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်နှင့် ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရန်အတွက် အရိပ်ရ ပျိုးပင်ပေါင်း ၃၅၀၀၀ ကို ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးဖြန့်ဖြူးပေးနိုင်ရန် တာပသွန် (အမြဲတမ်း) ပျိုးဥယျာဉ်ခြံ၌ ပျိုးထောင်ထားကြောင်း သိရသည်။

လူထုဖြန့် ပျိုးပင်များအနေဖြင့် ကျွန်း ၂၀၀၀ ၊ ပျဉ်းကတိုး ၂၀၀၀၊ မဟော်ဂနီ ၅၀၀၀၊ မန်ကျည်းရှား ၈၀၀၀၊ အော်ရေရှား ၈၀၀၀၊ စိန်ပန်းကြီး ၁၀၀၀၊ ပျဉ်းမ ၆၀၀၀၊ ရေတမာ ၁၀၀၀၊ ခရေ ၅၀၀၊ ကံ့ကော် ၅၀၀၊ သင်္ဘန်း ၁၀၀၀ စုစုပေါင်း အရိပ်ရပျိုးပင် ၃၅၀၀၀ ကို အခမဲ့ဖြန့်ဝေစိုက်ပျိုးမည်ဖြစ်ကြောင်း မုဒုံမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု

# ရှန်ကျိုး – ၁၈ လူလိုက်ပါသည့် အာကာသယာဉ်တစ်စင်း တရုတ်လွှတ်တင်



**ဂျီကွမ် မေ ၂၅**
တရုတ်နိုင်ငံသည် ခြောက်လကြာ အာကာသမစ်ရှင်တစ်ခုအတွက် အာကာသယာဉ်မှူး သုံးဦးကို တီယန်ခေါင်အာကာသစခန်းသို့စေလွှတ်ရန် ရှန်ကျိုး – ၁၈ လူလိုက်ပါသည့် အာကာသယာဉ်တစ်စင်းကို မေ ၂၅ ရက်က လွှတ်တင်ခဲ့သည်။

လောင့်ချ်မာချ် – ၂အက်ဖ် သယ်ဆောင်ရေးဂြိုဟ်တုထိပ်ဆုံးရှိ အာကာသယာဉ်ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂျီကွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လွှတ်တင်ခဲ့သည်။

ရှန်ကျိုး – ၁၈ မစ်ရှင်တွင် ပါဝင်သော အာကာသယာဉ်မှူးများမှာ ယီခေါင်ဖု၊ လီကွန်နှင့် လီဂန်ဆုတို့ဖြစ်ကြသည်။ အဆိုပါမစ်ရှင်တွင် ယီသည် မစ်ရှင်အုပ်ချုပ်သူအကြီးအကဲအဖြစ် လိုက်ပါလာမည်ဖြစ်ကြောင်း တရုတ်လူလိုက်ပါသည့် အာကာသအေဂျင်စီ (စီအမ်အက်စ်အေ)က ပြောသည်။

ရှန်ကျိုး – ၁၈ မစ်ရှင်သည် ယီ၏ ဒုတိယအာကာသခရီးစဉ်ဖြစ်သည်။ အောက်တိုဘာ ၂၀၂၁ မှ ဧပြီ ၂၀၂၂ အထိကြာသည့် ရှန်ကျိုး – ၁၃ မစ်ရှင်တွင် ယီသည် မစ်ရှင်အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ဖူးသည်။ လီကွန်နှင့် လီဂန်ဆုတို့အတွက် ယခုမစ်ရှင်သည် ပထမဆုံးအာကာသစွန့်စားခန်းခရီးစဉ်ဖြစ်သည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ ဝက်သက်နှင့်ကြက်ညှာရောဂါဖြစ်ပွားမှုများနှင့်ရင်ဆိုင်နေရ

**မနီလာ မေ ၂၅**
ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသတွင် ဝက်သက်ရောဂါဖြစ်ပွားမှုများနှင့် ကြုံတွေ့နေရပြီး အလယ်ပိုင်းဒေသ လူဇွန်ကျွန်းနှင့် ဗစ်စရာကျွန်း အစိတ်အပိုင်းများတွင် ကြက်ညှာရောဂါ ဖြစ်ပွားလျက်ရှိသည်။ ထို့ပြင် တိုင်းပြည်အတွင်း ပြည်နယ်များ၏ ၇၀ ရာခိုင်နှုန်းနီးပါးမှာလည်း ပိုလီယိုဖြိမ်းခြောက်မှုအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့က ပြောသည်။

အဆိုပါရောဂါသုံးမျိုးစလုံးမှာ ကလေးငယ်များအတွက် ကူးစက်မှုမြင့်မားသည့် ရောဂါများဖြစ်ကြသည်ဟု ကုလသမဂ္ဂအေဂျင်စီက မကြာသေးမီအတွင်းက သတင်းထုတ်ပြန်ခဲ့သည်။ ဘန်ဆာမိုရိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ဧပြီ ၁ ရက်မတိုင်မီအထိ ဝက်သက်ရောဂါဖြစ်ပွားသူ ၅၀၀ ကျော်ရှိသည်။




ဝက်သက်ရောဂါ ကာကွယ်ဆေးကို မတ်လလယ်မှ စတင်၍ ထိုးပေးခဲ့သည်။ ယခု ဝက်သက်ရောဂါဖြစ်ပွားသူဦးရေမှာ ၂၀၂၃ ခုနှစ် တစ်နှစ်လုံး ဖြစ်ပွားသူဦးရေနှင့် အတူတူနီးပါးရှိသည်။ ကာကွယ်ဆေးထိုးရန် စည်းရုံးလှုံ့ဆော်မှုများ ရှိသော်လည်း ကာကွယ်ဆေး ထိုးပေးသည့်ကာလအတွင်း အယူအဆအမှားများနှင့် ကာကွယ်ဆေးထိုးရာတွင် ပင်ပန်းနွမ်းနယ်မှုများကြောင့် ကာကွယ်ဆေးထိုးရန်ငြင်းဆန်မှုများနှင့်ကြုံတွေ့ကြရသည်။

ကလေးများကြား ကာကွယ်ဆေးထိုး၍ ကာကွယ်နိုင်သောရောဂါများ အဆုံးသတ်စေရန် အစိုးရအနေဖြင့် ကာကွယ်ဆေးထောက်ပံ့မှုနှင့် လိုအပ်ချက်များကို ဖြေရှင်းရန် ကာကွယ်ဆေးထိုးခြင်းလှုပ်ရှားမှုများမစတင်မီ လူထုအသိုင်းအဝိုင်းအတွင်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ယူနီဆက်ဖ် က တိုက်တွန်းထားသည်။

ဆင်ဟွာ

# တန်ဇန်းနီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၅၅ ဦး သေဆုံးပြီး ၂၃၆ ဦး ဒဏ်ရာရ

**ဒိုဒိုမာ မေ ၂၅**
တန်ဇန်းနီးယားနိုင်ငံ၌ ရုတ်တရက်ရေကြီးခြင်းကြောင့် ၁၅၅ ဦး သေဆုံးပြီး ၂၃၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဝန်ကြီးချုပ် ကက်စ်ဆင် မာဂျာလီဝါက မေ ၂၅ ရက်က လွှတ်တော်တွင်ပြောကြားခဲ့သည်။

တန်ဇန်းနီးယားနိုင်ငံ ဒေသကြီး ၂၆ ခုအနက် ၁၄ ခုတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၂၀၀၀၀၀ ရေကြီးမှုဒဏ်သက်ရောက်မှု ခံစားခဲ့ရကာ နေအိမ်ပေါင်း ၁၀၀၀၀ ပျက်စီးခဲ့ရသည်ဟု ဝန်ကြီးချုပ်က ပြောသည်။




တန်ဇန်းနီးယားနိုင်ငံ၌ ရေကြီးရေလျှံဖြစ်ပွားနေမှုကို မေ ၂၄ ရက်က တွေ့ရစဉ်။

အခြေခံကျောင်း အဆောက်အအုံများ၊ လယ်ယာများ၊ လမ်းတံတားများ၊ ကျန်းမာရေး အဆောက်အအုံများနှင့် မွေးမြူရေးလုပ်ငန်းများတွင် ရေကြီးမှုဒဏ်ခံစားခဲ့ရသည်ဟု ၎င်းက ဆက်ပြောသည်။ နောက်ထပ်ဆိုးရွားသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားခြင်းမှ ကာကွယ်ရန်ရည်ရွယ်၍ အစိုးရသည် ရေကြီးမှုဖြစ်ပွားသည့် ဒေသများတွင် စာသင်ကျောင်းများ ပိတ်ထားခြင်း အပါအဝင်အခြားသောကိစ္စများကို လုပ်ဆောင်လျက်ရှိသည်။

တန်ဇန်းနီးယား အမျိုးသားလမ်းအေဂျင်စီ၊ တန်ဇန်းနီးယားကျေးလက်နှင့် မြို့ပြလမ်းအေဂျင်စီနှင့် တန်ဇန်းနီးယား မီးရထားကော်ပိုရေးရှင်းတို့ကိုလည်း လမ်းနှင့် ရထားလမ်းအပျက်အစီးများကို အကဲဖြတ်မှုများလုပ်ဆောင်ပြီး ချက်ချင်းပြင်ဆင်မှုများ ပြုလုပ်ရန် ညွှန်ကြားထားကြောင်း ၎င်းက ဆက်ပြောသည်။

အယ်နီညို သက်ရောက်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုသည် မေလတစ်လျှောက် ဖြစ်ပွားမည်ဟု တန်ဇန်းနီးယား မိုးလေဝသအာဏာပိုင်များက ခန့်မှန်းထားသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၌ မီးအကြီးအကျယ် လောင်ကျွမ်းမှုကြောင့် ခြောက်ဦးထက်မနည်း သေဆုံး

**နယူးဒေလီ မေ ၂၅**
အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သောကြောင့် ခြောက်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မီးလောင်မှုသည် ဘီဟာပြည်နယ် မြို့တော်ဖြစ်သော ပတ်တနာရှိ မီးရထားဘူတာရုံလမ်းဆုံအနီး လူနေထူထပ်သော ရပ်ကွက်အတွင်း ဟိုတယ်တစ်လုံး၌ ဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် သေဆုံးသူ သုံးဦးမှာ အမျိုးသမီးများဖြစ်ကြပြီး တခြားသူများကို အတည်ပြုလျက်ရှိသည်။

အရေးပေါ်မီးလောင်မှုဖြစ်ပွားကြောင်း ဖုန်းခေါ်ဆိုမှုရရချင်း မီးသတ်သမားများသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက်ခဲ့ကြောင်း အဆင့်မြင့်မီးသတ်နှင့် အရေးပေါ်ဌာန အရာရှိတစ်ဦးက ပြောသည်။

များမကြာမီ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံပိုင်ရှင်များသည် ဘေးကင်းလုံခြုံရေး စံသတ်မှတ်ချက်များကို လိုက်နာမှုမရှိခြင်းနှင့် လောင်စာများနှင့် မီးလောင်ကျွမ်းနိုင်သည့်ပစ္စည်းများ သိုလှောင်ထားလျက်ရှိသောကြောင့် အိန္ဒိယ အဆောက်အအုံများအတွင်း မီးလောင်မှုအခွင့်အလမ်းမှာ ပိုမိုများပြားလာကြောင်း သိရသည်။

ဆင်ဟွာ

# ၂၀၂၃ ခုနှစ်အတွင်း လစ်ဗျားနိုင်ငံအတွင်း ကလေးပေါင်း ၄၆၀၀၀၀ ကျော်ကို ကာကွယ်ဆေး ထိုးရာတွင် ယူနီဆက်ဖ် ထောက်ပံ့

**ထရီပိုလီ မေ ၂၅**
လစ်ဗျားနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း အသက်နှစ်နှစ်အောက် ကလေး ၄၆၀၀၀၀ ကျော်ကို ကာကွယ်ဆေးထိုးရာတွင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ကူညီပေးခဲ့ကြောင်း မေ ၂၄ ရက်တွင် အဆိုပါအဖွဲ့အစည်းက ပြောသည်။ လုံခြုံစိတ်ချရပြီး အရည်အသွေးပြည့်ဝသော ကာကွယ်ဆေးများတွင် ရင်းနှီးမြှုပ်နှံကြရန် လစ်ဗျားအစိုးရနှင့်အလှူရှင်များကို ယူနီဆက်ဖ်က တောင်းဆိုခဲ့သည်။

လစ်ဗျားနိုင်ငံရှိကလေးများ အားလုံးမှာ ၎င်းတို့နှင့်ထိုက်တန်သည့် ကာကွယ်ဆေး၏အသက်ကယ်မှုကိုရရှိမည်ဟု အာမခံကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ် မွမ်မာကဒါဖီအစိုးရပြုတ်ကျသွားချိန်မှစတင်ကာ လက်နက်ကိုင်ပဋိပက္ခများနှင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများကြား ကျရောက်ခဲ့သည်။

လစ်ဗျားအာဏာပိုင်များသည် ပြည်သူများအတွက် အခြေခံလိုအပ်ချက်များ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့တွင် ဖြည့်ဆည်းပေးရန် ရုန်းကန်နေရသည်။

ဆင်ဟွာ

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မေ ၂၃ ရက်တွင် လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁၈ ဒသမ ၈၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၆၁၄၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ မေ ၂၄ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၌ Toyota Mark II မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀) နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ Toyota Noah မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် GI Pipe ကီလိုဂရမ် ၁၄၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၀၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၂၉၇၄၁၄၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မေ ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့်မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Wai Wai Quick ခေါက်ဆွဲခြောက် ၁၄၉၄ ဘူး၊ TPF/MA ကြက်မောက်သီးစည်သွတ်ဘူး ၁၂၀၀ နှင့် Golden Coin ပြောင်းကော်မှုန့် ၄၆၀ ကီလိုဂရမ်၊ ဩစတြေးလျနိုင်ငံထုတ် JIP JIP Rocks Sparkling Shiraz Wine ပုလင်း ၁၅၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၄၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၄၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်၌ တရားမဝင်အခြားသစ် ၄ ဒသမ ၁၈၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၀၅၃၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၄ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရသီရိခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၂၂၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၂၈၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၆၁၉၅၀၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရွှေဘိုမြို့နယ် ချီပါကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်စွပ်စွဲရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာရှိနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် မေ ၂၄ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက် သမားများသည် ရွှေဘို - ဆိပ်ခွန် - မူးကမ်းကြီး လမ်းပိုင်းတွင် ကုန်စည်စီးဆင်းမှု ပြုလုပ်နေသည့် ကုန်ကားများနှင့် ခရီးသွားပြည်သူများကို ငွေကြေးကောက်ခံခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး ၎င်းကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ ချီပါကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည် ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

ထိုသို့ ပြည်သူများကို ဖမ်းဆီးနှိပ်စက်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် အပြစ်ပုံချရန် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့်သတင်းတု၊သတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်း(အရှေ့)ရပ်ကွက်တွင် သန်းထွန်း(ခ)ဦးထွန်း မောင်းနှင်ပြီး မနန်းဆိုင်ဆာ(ခ)အေးယိမ်း လိုက်ပါလာသည့် TOYOTA Vitz အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကိုလည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီတွင် ရွှေပြည်သာမြို့နယ် (၂၀)ရပ်ကွက် မြောင်းမြလမ်းရှိ မနန်းဆိုင်ဆာ(ခ)အေးယိမ်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၅ သိန်းကိုလည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ည ၇ နာရီတွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နယ်မြေ(၈-က)၊ ရပ်ကွက်(၈)ရှိ မျိုးမင်းသူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# အောင်လံမြို့ စစ်ဆေးရေးဂိတ်တွင် လမ်းသွားလမ်းလာကားများကို တားဆီးပြီး လူငယ်များကို ဖမ်းဆီးလျက်ရှိရာ အမျိုးသား ၃၀ ကျော် ဖမ်းဆီးခံထားရကြောင်း ကောလာဟလ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၂၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့ အရှေ့ဘက်စစ်ဆေးရေးဂိတ်တွင် ယနေ့ နံနက် ၇ နာရီက လမ်းသွားလမ်းလာ ကားများကို တားဆီးစစ်ဆေးပြီး လူငယ်များကို ဖမ်းဆီးလျက်ရှိရာ အမျိုးသား ၃၀ ကျော်ဖမ်းဆီးခံထားရကြောင်း ကောလာဟလ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။




အဆိုပါ ကောလာဟလ သတင်းသည် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများနှင့် အကြမ်းဖက်အားပေးမီဒီယာများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းဖြစ်ပြီး ၎င်းမြို့အဝင်အထွက် စစ်ဆေးရေးဂိတ်များတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်နေခြင်းသာရှိပြီး တရားမဝင် ပြည်ဖျက်မီဒီယာများတွင် ရေးသားဖော်ပြနေသည့် လူငယ်များကို ဖမ်းဆီးထားသည်ဆိုသည့် သတင်းများမှာ မှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် သတင်းအဆိပ်ခတ် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❍ ကျောဖုံးမှ

၃၆ မိနစ်တွင် မျိုးမြင့်အောင်က တက္ကသိုလ်အသင်းအတွက် ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် အောင်လှိုင်ဝင်းက မဟာယူနိုက်တက်အသင်းအတွက် တတိယဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် သုံးဂိုး - တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၅၆ မိနစ် တွင် ပက်ထရစ်၊ ၇၆ မိနစ်တွင် ခန့်ဇင်ဟိန်းတို့က ထပ်မံသွင်းယူကာ တက္ကသိုလ်အသင်းအတွက် ဒုတိယချေပဂိုးကို ၇၇ မိနစ်တွင် အောင်မြင့်မြတ်က သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ငါးပွဲဆက်တိုက် ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေသည်။

မေ ၂၆ ရက် (ယနေ့) တွင် ပဒုမ္မာကွင်း၌ Rainbow အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ရဲရင့်လွင်

# ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း (၁၁-၄-၂၀၂၄ ရက်နေ့မှ ၂၀-၄-၂၀၂၄ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြိတ်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>သံတွဲမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင်</td><td></td><td></td><td></td><td></td><td></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင်</td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>၁၃</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဘားအံမြို့၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**ဘားအံ ဧပြီ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက်က ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး ခရိုင်အဆင့် ဌာနဆိုင်ရာများအား ဒေသန္တရ စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးတို့ကို လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌများအား စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်ရာတွင် ဘားအံမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် လှိုင်းဘွဲ့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က လည်းကောင်းလက်ခံရယူသည်။



ထို့နောက် ဘားအံခရိုင် စီမံကိန်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းလေဒီသန်းက ဒေသန္တရ စီမံကိန်းကဏ္ဍအလိုက် ရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီး ဘားအံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးစိုးအေး**

**(ခရိုင် ပြန်/ဆက်)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# “စစ်ကိုင်းအိုး”ဟု ယနေ့တိုင် နာမည်ရနေဆဲ စစ်ကိုင်းမြို့မှ ဂစ်တာလုပ်ငန်း

**❖ တွေ့ဆုံမေးမြန်း- နေလင်းအောင်၊ ဓာတ်ပုံ - ဇော်မြင့်နိုင်၊ တင်ကိုကို**

**စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့သည် အထင်ကရမြို့တစ်မြို့ဖြစ်ပြီး လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးလျက်ရှိသည့် မြို့ပင်ဖြစ်ပါသည်။သို့ဖြစ်သည်အလျောက် စစ်ကိုင်းမြို့တွင် အသေးစား လက်မှု အတတ်ပညာဖြင့် မိသားစုဝင်ငွေ တိုးပွားရေးအတွက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်ဆောင်ရွက်နေသည့် ကြိမ်ထည်လုပ်ငန်း၊ ငွေထည်လုပ်ငန်း၊ ကြေးထည်လုပ်ငန်း၊ မြေအိုးလုပ်ငန်းများဖြင့်ထင်ပေါ် ကျော်ကြားသည့်အပြင် စစ်ကိုင်းမြို့၏ အထင်ကရလုပ်ငန်းဖြစ်သည့် ဂစ်တာလုပ်ငန်းမှာလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။**

အဆိုပါ ဂစ်တာလုပ်ကိုင်ခြင်းလက်မှုအတတ်ပညာဖြင့် မိသားစု တစ်ပိုင်တစ်နိုင် ဝင်ငွေရရှိစေရေး လုပ်ဆောင်နေသည့် စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်မှ ဂစ်တာများပြုလုပ်ကာ ရောင်းချနေလျက်ရှိသော လုပ်ငန်းပိုင်ရှင် ဦးဇော်မင်းနှင့် တွေ့ဆုံမေးမြန်းချက်များကို ရေးသား ဖော်ပြလိုက်ရပါသည်။

**မေး ။ ။ ဆရာ့အမည်နှင့် လုပ်ငန်းအမည်လေး သိပါရစေ။**

ဖြေ ။ ။ ကျွန်တော့်အမည်က ဦးဇော်မင်းဖြစ်ပါတယ်။ ဂစ်တာလုပ်ငန်းကိုတော့“မိုးမင်း”အမည်နှင့် လုပ်ကိုင်လျက်ရှိပါတယ်။

**မေး ။ ။ ဂစ်တာလုပ်ငန်းကို ဘယ်အချိန်လောက်က စတင်လုပ်ကိုင်ခဲ့ပါသလဲ။**

ဖြေ ။ ။ ဂစ်တာလုပ်ငန်းကိုတော့ ၁၉၈၉ ခုနှစ်ကတည်းက စတင်လုပ်ကိုင်ခဲ့တာဆိုတော့ အခုဆိုရင် ၃၅ နှစ်လောက်ရှိပါပြီ။

**မေး ။ ။ ဂစ်တာလုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းအနေနဲ့ ဘာတွေကိုအဓိကထား အသုံးပြုရပါသလဲ။**

ဖြေ ။ ။ အဓိက ကုန်ကြမ်းအနေနဲ့ကတော့ သစ်သား၊ အထပ်သား၊ နောက်ပြီး အသားမာတွေဖြစ်တဲ့ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သစ်ဝံနှင့် ထင်းရှူးသားတို့ကို အသုံးပြုတာ ဖြစ်ပါတယ်။

**မေး ။ ။ လိုအပ်တဲ့ အသားတွေကိုရော ဘယ်ကနေဝယ်ယူရပါသလဲ။ ဝယ်ရတာ အဆင်ပြေမှုရှိပါသလား။**

ဖြေ ။ ။ လိုအပ်တဲ့ အသားတွေကိုတော့ ကျောက်ဆည်မှာရှိတဲ့ အထပ်သားစက်ရုံတွေကနေ ဝယ်ယူ ရရှိပါတယ်။ ဝယ်ယူရတာလည်း အဆင်ပြေမှုရှိပါတယ်။

**မေး ။ ။ ဂစ်တာအမျိုးအစား ဘယ်နှမျိုးလောက် ထုတ်လုပ်ပါသလဲ။**

ဖြေ ။ ။ ဂစ်တာအမျိုးအစားကတော့ ငါးမျိုးလောက်ထုတ်လုပ်လျက်ရှိပါတယ်။ အဲဒါတွေကတော့ ကလေးတီး၊ လူကြီးတီး၊ သင်တန်းကျောင်းတွေကမှာတဲ့ ကလေးတီးသာသာ(ချစ်စမ်းမောင်ဒီဇိုင်း) အဲဒီအမျိုးအစားကတော့ လူလတ်ပိုင်းလည်း တီးလို့ရပါတယ်၊ နောက်ဂစ်တာအိုးကြီး၊ နိုင်ငံခြားအဆင့်မီ ဈေးအမြင့်ဆုံးဖြစ်တဲ့ ဂစ်တာတွေလည်း လုပ်ပါတယ်။

**မေး ။ ။ အခုလက်ရှိ ဂစ်တာလုပ်ငန်းလုပ်ကိုင်ရာမှာ အလုပ်သမား ဘယ်နှယောက်လောက် ရှိပါသလဲ။**

ဖြေ ။ ။ လက်ရှိလုပ်ကိုင်နေတာကတော့ အလုပ်သမား အယောက် ၂၀ ရှိပါတယ်။ ဒေသခံတွေပါပဲ၊ ပညာသင်လုပ်ကိုင်ရင်းနဲ့ ကျွမ်းကျင်လို့ ဆိုင်ခွဲသွားတဲ့လူတွေလည်း ရှိပါတယ်။

**မေး ။ ။ ဂစ်တာအချောထည်တွေကိုတော့ ဘယ်မြို့တွေကို တင်ပို့ရောင်းချပါသလဲ။**

ဖြေ ။ ။ ထွက်ရှိလာတဲ့ဂစ်တာအချောထည်တွေကိုတော့ မြန်မာပြည်အနှံ့ မြို့တွေကို ပို့ပေးရပါတယ်။ တောင်ကြီးဘက်ကတော့ အများဆုံးပို့ပြီးတော့ ပို့ပေးရတယ်။ စစ်ကိုင်းမြို့ပေါ်မှာလည်း အလွယ်တကူ ဝယ်ယူလို့ရအောင်ဆိုင်ခွဲဖွင့်လှစ်ပေးထားပါတယ်။

**မေး ။ ။ တစ်နေ့ကို ဘယ်နှလုံးလောက် ထွက်ရှိပါသလဲ။ ဂစ်တာဈေးကွက်အနေနဲ့ ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ တစ်နေ့ကိုဂစ်တာအချောထည် အလုံး ၂၀ ကနေ ၂၅ လုံးအထိ ထွက်ရှိပါတယ်။ ဈေးကွက်အနေနဲ့တော့ အမျိုးအစားအပေါ်မူတည်ပြီး ကွာခြားသွားပါတယ်။ အနိမ့်ဆုံးငွေကျပ် ၄၀၀၀၀ ကနေ သိန်းကျော်တန်အထိ ရှိပါတယ်။ ကုန်ကြမ်းပစ္စည်းဝယ်ရတာက ဈေးမြင့် ပေးဝယ်ရတယ်။ ပြည်တွင်းဖောက်သည်တွေကိုလည်း အဆင်ပြေအောင် ဒီတစ်ခေါက် ဈေးမတက်နိုင်တောင် နောက်တစ်ခေါက် ဈေးတက်ရတော့မှာဖြစ်တဲ့အတွက် ညှိနှိုင်းရတာ နားလည်တဲ့ ဖောက်သည်တွေရှိသလို နည်းနည်းခက်ခဲတဲ့ ဖောက်သည်တွေလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် အားလုံးအဆင်ပြေအောင် လုပ်ကိုင်ဆောင်ရွက်သွားမှာပါ။

> **အရင်ကတော့ လက်မှုပညာ သပ်သပ်ပါပဲ။ အခုတော့ စက်ကိရိယာအကူအညီတွေ ပါတော့ အဆင့်မြင့်လာတဲ့ သဘောပေါ့။ လုပ်ငန်းတွင်ကျယ်မှုတော့ ရှိပါတယ်။ နိုင်ငံခြားစတိုင်ပေါ့။ တစ်ယောက်တည်း မလုပ်ရတော့ဘဲ သူ့အပိုင်းနဲ့သူ အဆင့်ဆင့် လုပ်တော့ အရည်အသွေးပိုကောင်းလာတာပေါ့။ ထုတ်လုပ်မှုလည်း ပိုပြီးတော့ စနစ်တကျ၊ သေသပ်မှုရှိပြီး မြန်ဆန်လာပါတယ်။အခြားနိုင်ငံတွေနဲ့ တန်းတူထုတ်လုပ်လာနိုင်ပါတယ်**

**မေး ။ ။ လုပ်ဆောင်ရတဲ့ပစ္စည်းတွေဝယ်ယူရတာကျတော့ ပြည်တွင်းကဘဲလား၊ တခြားကရော ဝယ်ယူရပါသေးလား။**

ဖြေ ။ ။ ကီးတွေကျတော့ တရုတ်ပြည်က ဝယ်ရပါတယ်။ အရင်က ကီးတစ်ဖာကို ငွေကျပ်နှစ်သိန်းခွဲ လောက်ဝယ်ယူရပြီး ယခုကျတော့ ငွေကျပ်ခုနစ်သိန်းလောက် ပေးဝယ်ရတယ်။ သူတို့ဆီမှာတော့ဈေးကဒီလောက်ပါပဲ။ ဒီဘက်တွေ ရောက်လာတော့ ခရီးစရိတ်တွေတက်တာ၊ လေယာဉ်၊ သင်္ဘောတွေနဲ့တင်ရတယ်။ လမ်းပိတ်တယ်ဆိုရင် ခရီးစရိတ်တက်ပြီးလုပ်ရတာတော့ အခက်အခဲရှိပါတယ်။ အနိမ့်ဆုံးရောင်းရတဲ့ ငွေကျပ် ၄၀၀၀၀ တန် ဂစ်တာတစ်လက်ရဲ့ ကုန်ကျစရိတ် တွက်ကြည့်လိုက်တော့ ငွေကျပ် ၃၈၀၀၀ လောက်ကျပါတယ်။ နှစ်ထောင်လောက်ပဲ အကျိုးအမြတ်ရတာ၊ တင်ပို့ ရောင်းချရတာလည်း အနိမ့်ဆုံးဂစ်တာတွေ အများဆုံးပို့ရပါတယ်။ ဒါကလည်း စီးပွားရေးအခြေအနေရပေါ့။

**မေး ။ ။ ဂစ်တာတစ်လုံးကို လူတစ်ယောက် ဘယ်နှရက်လောက် လုပ်ရပါသလဲ။ လက်မှုပညာပဲလား အခြားအကူပစ္စည်းတွေ ပါသေးလား။**

ဖြေ ။ ။ အလုပ်သမားတစ်ယောက်တည်း ဂစ်တာတစ်လက် လုပ်မယ်ဆိုရင် တစ်ပတ်လောက်ကြာပါတယ်။ အခုကျွန်တော်တို့က အများစုနဲ့လုပ်တာဆိုတော့ တစ်ရက်နှစ်ရက်ဆိုပြီးစီးပါတယ်။ အရင်ကတော့ လက်မှုပညာ သပ်သပ်ပါပဲ။ အခုတော့စက်ကိရိယာအကူအညီတွေပါတော့ အဆင့်မြင့်လာတဲ့သဘောပေါ့။ လုပ်ငန်းတွင်ကျယ်မှုတော့ ရှိပါတယ်။ နိုင်ငံခြားစတိုင်ပေါ့။ တစ်ယောက်တည်းမလုပ်ရတော့ဘဲ သူ့အပိုင်းနဲ့သူ အဆင့်ဆင့်လုပ်တော့ အရည်အသွေးပိုကောင်းလာတာပေါ့။ ထုတ်လုပ်မှုလည်း ပိုပြီးတော့ စနစ်တကျ၊ သေသပ်မှုရှိပြီး မြန်ဆန်လာပါတယ်။ အခြားနိုင်ငံတွေနဲ့ တန်းတူထုတ်လုပ်လာနိုင်ပါတယ်။

**မေး ။ ။ ဂစ်တာလုပ်ငန်းနဲ့ ပတ်သက်ပြီး ချေးငွေရရှိမှုအခြေအနေရှိခဲ့ရင် သိပါရစေ။**

ဖြေ ။ ။ ချေးငွေအနေနဲ့တော့ အရင်က ကိုဗစ်ချေးငွေကျပ်သိန်း ၅၀ ရရှိပါတယ်။ အဲဒီချေးငွေက ယခုထိတော့ မကောက်သေးဘူး။ ဒါပေမယ့် သတ်မှတ်စည်းကမ်းအတိုင်း တစ်နှစ်ကို တစ်ကျပ်အတိုးနှုန်းနဲ့ အတိုးသွင်းရတာတော့ ရှိပါတယ်။ MSME လုပ်ငန်းချေးငွေကျတော့ အဆင်မပြေသေးဘူး။ ဘာလို့လဲဆိုတော့ အာမခံတွေပေးရတာ၊ ပိုင်ဆိုင်မှုတွေပြရတာ၊ နောက်ဂရန်ရှိမှ ဦးပိုင်ဖြစ်မှဆိုတော့ ကျွန်တော်တို့အတွက်ကျတော့ သိပ်အဆင်မပြေဘူး။ ကျွန်တော့်အနေနဲ့အကြံပြုချင်တာလေးကတော့ ဂရန်တွေ၊ ပိုင်ဆိုင်မှုတွေမပြဘဲ လုပ်ငန်းခွင်အရောက် ကွင်းဆင်းလေ့လာပြီး ခိုင်မာမှုရှိတယ်ဆိုရင် ချေးငွေထုတ်ချေးပေးဖို့ အကြံပြုချင်ပါတယ်။ အဲဒီချေးငွေလေးတွေရတော့ ကျွန်တော်တို့ လုပ်ငန်းလုပ်ကိုင်သူတွေအနေနဲ့ ဆက်လက်ပြီး လုပ်ငန်းတိုးချဲ့လုပ်ကိုင်လို့ရတာပေါ့။ ဒါမှလည်း ကျွန်တော်တို့ လုပ်ငန်းရှင်ရော အလုပ်သမားတွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိပြီး မိသားစုစားဝတ်နေရေးပိုမိုအဆင်ပြေလာကြမှာ ဖြစ်ပါတယ်ဟု ဖြေကြားခဲ့ပါတယ်။ ။



ဂီတာတစ်လက်ကို ကျွမ်းကျင်ဝန်ထမ်းတစ်ဦးက အချောသပ်နေစဉ်။



ဆိုင်အတွင်း ချိတ်ဆွဲထားသည့် လက်မှုအတတ်ပညာ ဂစ်တာအမျိုးမျိုးကို တွေ့ရစဉ်။

# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 29(LPT) / MPE-F4/ 2024-2025 | Level Transmitter for PG Cooler | 1 No. |
| ၂။ | 30(LPT) / MPE-F4/ 2024-2025 | Level Transmitter for MDEA | 5 Nos. |
| ၃။ | 31(LPT) / MPE-F4/ 2024-2025 | 33 KV Control Pannel (Indoor Type) | 1 No. |
| ၄။ | 32(LPT) / MPE-F4/ 2024-2025 | Standard Gas for Gas Chromatography | 6 Nos. |
| ၅။ | 33(LPT) / MPE-F5/ 2024-2025 | Sewing Machine with Motor | 1 No. |
| ၆။ | 34(LPT) / MPE-F4/ 2024-2025 | Spare Parts for Synthesis Gas Compressor | 1 Lot |
| ၇။ | 35(LPT) / MPE-F5/ 2024-2025 | Absorber Feed Pump without Motor | 1 Set |
| ၈။ | 36(LPT) / MPE-F5/ 2024-2025 | Absorber Return Pump with Motor | 1 Set |
| ၉။ | 37(LPT/ MPE-F5/ 2024-2025 | VFD (Variable Frequency Drive) 132 KW | 1 No. |
| ၁၀။ | 38(LPT) /MPE-TLN/ 2024-2025 | CFR Engine (Fuel Research Unit) Top Overhaul ပြုလုပ်ခြင်းလုပ်ငန်း | 1 Lot |
| ၁၁။ | 39(LPT)/MPE-MBU/2024-2025 | Flat Type Cable for Water Intake | 110 M |
| ၁၂။ | အဆိုပြုလွှာအမှတ် 1/MPE-TLN/ 2024-2025 | Temperature Sensor Positioning Device | 1 No. |
| ၁၃။ | အဆိုပြုလွှာအမှတ် 2/MPE-Mann/ 2024-2025 | Refinery Standard Gas for Gas Chromatography | 1 No. |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၉-၄-၂၀၂၄ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တို့တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို အောက်ဖော်ပြပါ တင်ဒါပိတ်မည့်နေ့ (၁၁ : ၀၀) နာရီ မှ (၁၂ : ၀၀) နာရီအတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်)သို့ လူကိုယ်တိုင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်-

(က) အမှတ်စဉ် (၁ မှ ၁၁ ထိ) အိတ်ဖွင့်တင်ဒါများ - ၂၀-၅-၂၀၂၄

(ခ) အမှတ်စဉ် (၁၂ မှ ၁၃ ထိ) အဆိုပြုလွှာများ - ၁၃-၅-၂၀၂၄

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃၊ ၀၆၇-၃၄၁၁၁၇၅

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေ၊ ငွေလုံးငွေရင်းဖြင့် ဓမ္မာရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ လွိုင်ကော်မြို့တွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၂၄ရက် (ရုံးချိန်အတွင်း)

(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၉-၅-၂၀၂၄ ရက် ညနေ ၄ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ထပ်မံကြော်ငြာပါမည်။

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - လွိုင်ကော်မြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၁-၃၃၃၁၅၂၈၊ ၀၉-၃၁၉၃၇၂၂၅သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## နည်းပညာ Design အဆိုပြုလွှာ တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့၊ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိမင်္ဂလာဈေး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းအား (၁/၂၀၂၂) တင်ဒါညွှန်ကြားချက်နှင့်အညီ နှစ်ဆင့်တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်၍ စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားကုမ္ပဏီများမှ နည်းပညာ Design အဆိုပြုလွှာအား အောက်ပါအတိုင်း တင်သွင်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) **တင်ဒါတင်သွင်းမည့်နေရာ** - ကယားပြည်နယ် အစိုးရအဖွဲ့ရုံး

(ခ) **လိပ်မူရမည့်ပုဂ္ဂိုလ်** - ဥက္ကဋ္ဌ တင်ဒါကော်မတီ

(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေ့** - ၂၆-၄-၂၀၂၄ရက်

(ဃ) **တင်ဒါပိတ်သိမ်းမည့်ရက်** - ၉-၅-၂၀၂၄ရက်

(င) **လျှောက်လွှာရောင်းချမည့်နေရာ** - ကယားပြည်နယ် အစိုးရအဖွဲ့ရုံး၊ လွိုင်ကော်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း ၀၁-၃၃၃၁၅၂၈၊ ၀၉-၃၁၉၃၇၂၂၅သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကယားပြည်နယ်အစိုးရအဖွဲ့ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/5304, Mazda Bongo SKF 2J P/U(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရဲသူ ၈/မမန(နိုင်)၁၉၆၈၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/63872, Dream 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၄/ပသန(နိုင်)၂၅၂၉၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 28(T)DPTSC(PSD)/24-25 | National Control Center(Naypyitaw), Regional Control Center (Yangon) နှင့် Regional Control Center(Mandalay) တို့တွင် တပ်ဆင် အသုံးပြုလျက်ရှိသော SACDA-EMS စနစ်သုံး Hardware နှင့် Software များ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန်အတွက် Remote Maintenance Services လုပ်ငန်းဆောင်ရွက်ရန်။ |
| ခ | 29(T)DPTSC(Civil)/24-25 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ စုစုပေါင်း (၂၉၆.၄၂)တန် ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၉-၅-၂၀၂၄) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**


**အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**


## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် (၁၀၁)၊ ဦးပိုင်အမှတ် ၂၅.စ(ခဲစင်း)၊ ၈၉ လမ်းမျက်နှာပြု ၁၉X၂၁ လမ်းကြားရှိ ဦးစိန်လင်း အမည်ပေါက် ဘိုးဘမြေကွက်အား (အဘိုး) ဦးစိန်လင်း (အဘွား)ဒေါ်ဖွားစိန်(မိခင်) ဒေါ်စောမယ် (ဖခင်) ဦးမောင်ဟန် (သား) ဦးမောင်စိုး (လူပျိုကြီးဘ၀)တို့အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၉၁၁/၂၀၀၉)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်စောနွယ်၊ ဒေါ်စောမူ၊ ဒေါ်ခင်မာလွင်တို့ (၃)ဦးအနက်၊ ဒေါ်စောနွယ်ပါ (၂)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၉၉၀/၂၀၀၉)ဖြင့်စွန့်လွှတ်ခြင်းကိုဒေါ်ခင်မာလွင်ကလက်ခံခဲ့ပြီး၊ ဒေါ်ခင်မာလွင်၏ (GP ရရှိသူ ဒေါ်ဂျေဝန်သီကူမာရီ)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၉၇၈/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းခိုင် ၅/ကသန(နိုင်) ၀၆၂၀၈၅က အမှုတွဲအမှတ်(၀၈၈၅/ဘ/ပြောင်း)၂၀၂၃/၂၀၂၄ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**



မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅-၄-၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၅၀ ကျပ် | ၂၈၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၆၀ ကျပ် | ၃၀၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရ မည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၄၂ | ၁၃၇၀၅၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၆၉၀၃ | ၄၈၇၂၃၅၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၈၇ | ၂၈၀၅၀၀ |
| TMH | ၃၅၀၀ | ၃၀၅၀ | ၂ | ၆၁၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၂၀ | ၃၃၇၅၀ |
| AHPC | ၄၆၀၀ | ၄၆၀၀ | ၅ | ၂၃၀၀၀ |
| MAEPC | ၂၀၅၀ | ၂၀၅၀ | ၁၅၁ | ၃၀၉၅၅၀ |










## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးနှင့် ရုံးသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူရန် တင်ဒါအမှတ်- 5DMS(2024-2025)(L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၉-၄-၂၀၂၄ ရက်၊ တနင်္လာနေ့

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၃-၅-၂၀၂၄ ရက်၊ မွန်းတည့် (၁၂း ၀၀)နာရီ

**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၂၀)
## လပွတ္တာခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇

ဒေါ်နီနီအေး နှင့် ၁။ ဒေါ်မြင့်မြင့်ဆွေ
၂။ မသူသူမင်း
၃။ ကိုစည်သူမင်း
၄။ မဇူလိုင်မင်း
၅။ ဒေါ်သန်းသန်းအေး

**တရားလို** **တရားပြိုင်များ**

လပွတ္တာမြို့၊ (၅)ရပ်ကွက်၊ ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ အမှတ်(၁၇)နေ မသူသူမင်းနှင့် ကိုစည်သူမင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူများ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးမာလာခင်)
ဒုတိယခရိုင်တရားသူကြီး
လပွတ္တာခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

၁။ ဦးဝင်းကြည် နှင့် ဦးမောင်သန်း
၂။ ဒေါ်ကြင်ကြင်အေး

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၃၀၅/က) နေ ဦးမောင်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ ကတိပဋိညာဉ်အတိုင်းမြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုရလိုကြောင်းလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းစန္ဒာဦး)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်းတင်ဒါ Lot(၂၆)ခု အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၄-၂၀၂၅ (ဧပြီလမှ မတ်လ)ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်မှ ကျခံ၍ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း Lot(၂၆)ခုအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါ၍ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာ ဝယ်ယူ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်နေ့ရက်** - ၂၆-၄-၂၀၂၄ရက် (သောကြာနေ့)

(ခ) **တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန်** - ၂၃-၅-၂၀၂၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီ

(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** - ၂၇-၅-၂၀၂၄ရက် (တနင်္လာနေ့) နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီထိ

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာဝယ်ယူထားသည့် ကုမ္ပဏီများအား (၂၄-၅-၂၀၂၄)ရက် နံနက် ၁၀ နာရီတွင် တင်ဒါကိစ္စများရှင်းလင်းခြင်းအစီအစဉ် အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှ တက်ရောက်ကြရန်ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၄၁၀၂၁၄၂၃၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၆၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၄)ထပ်တိုက်၏ ပထမထပ် (တိုက်ရှေ့မျက်နှာမူလျှင် -ယာဘက်)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့် ရှိသည်ဟု အဆိုပြုသူ ဒေါ်နီနီဝင်း ၁၀/မလမ(နိုင်)၀၉၁၅၈၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အိအိခိုင် ၁၂/တမန(နိုင်)၀၉၅၂၈၄ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀) ရပ်ကွက်၊ (တက္ကသိုလ်ရိပ်မွန်ဥယျာဉ်အိမ်ရာ)၊ ပိတောက်မြိုင်လမ်း၊ အိမ်အမှတ် (၅) နေ ဦးနိုင်ဦးမြင့် ၁၂/ဥကမ(နိုင်) ၀၉၄၁၆၄၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဝါဝါလွင် ၁၂/ဒဂမ(နိုင်) ၀၂၅၈၉၅နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးနိုင်ဦးမြင့်၏ ဇနီးဖြစ်သူ ဒေါ်ဝါဝါလွင်သည် ခင်ပွန်းဖြစ်သူ လက်မခံနိုင်လောက်အောင် အကျင့်စာရိတ္တပျက်ပြားခြင်း၊ သားသမီးများ၏ ဝေယျာဝစ္စနှင့် အိမ်မှုကိစ္စများ မလုပ်ဆောင်နိုင်သည်အထိ နေ့စဉ်နေ့တိုင်း အရက်အလွန်အကျွံသောက်သုံးခြင်း၊ ချဲထီ/နှစ်လုံးထီ လောင်းကစားမှုများပြုလုပ်ခြင်း၊ ခင်ပွန်းဖြစ်သူ၏ ဂုဏ်သိက္ခာကျဆင်းအောင် နည်းလမ်းပေါင်းစုံဖြင့်ပြုလုပ်ခြင်း၊ မည်သူတစ်ဦးတစ်ယောက်၏ ဆိုဆုံးမမှုကိုမျှ မနာခံခြင်းတို့ကြောင့် (၁၉-၁-၂၀၂၄) ခုနှစ် နှစ်ဦးသဘောတူအပြန်အလှန် ခံဝန်ကတိပြုခြင်းစာချုပ် အရ ဦးနိုင်ဦးမြင့်မှ ဒေါ်ဝါဝါလွင်အား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်ဝါဝါလွင်နှင့် ပတ်သက်သည့် မည်သည့်လူမှုရေးအရှုပ်အရှင်းများ၊ ငွေကြေးအရှုပ်အရှင်းများနှင့် မည်သည့်ပြဿနာများကိုမျှ ဦးနိုင်ဦးမြင့်ဘက်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်ဝါဝါလွင် ၁၂/ဒဂမ(နိုင်) ၀၂၅၈၉၅နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးနိုင်ဦးမြင့်**
**၁၂/ဥကမ(နိုင်) ၀၉၄၁၆၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဟိန်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၁၁)**
**(၂၂-၁၂-၂၀၂၃)**
**အမှတ်(၉/၁၁)၀၀၄-မြေညီ၊ ၃၆-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဝင်းစန္ဒာဦး (ဘ) ဦးဝင်းစိုး ၆/ကသန(နိုင်) ၀၇၄၉၂၀၏ နိုင်ငံကူးလက်မှတ် MF-087872မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၈၈၉၄၃၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၄-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၅) အများသိစေရန် အသိပေးကြေညာခြင်းကြော်ငြာတွင် မအိန္ဒြေမိုးပိုင် (၁၂/လသယ(နိုင်)၀၈၁၂၁၄) အစား ၁၂/လသယ(နိုင်)၀၈၁၂၀၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျုံးကွက်သစ်ရပ်ကွက်၊ မလ္လကုန်းလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သော(၂)ခန်းတွဲ (၇)ထပ်တိုက်၏ ၆-လွှာ / ဘီ(ခြေရင်းခန်း)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊အကျယ်အဝန်း(၁၅ပေX၅၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုးမင်း ၁၂/တမန(နိုင်)၁၀၆၅၈၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မေလင်းစု ၁၁/ကဖန(နိုင်)၁၀၁၁၀၁ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၅၄)နေ ဦးမြင့်ဆွေ ၁၂/လမန(နိုင်) ၀၀၁၆၆၈၊ ဒေါ်မီမီထွေး ၁၂/ လမန(ပြု)၀၀၀၆၁၂တို့၏ သားဖြစ်သူ မောင်သီဟမင်းဆွေ ၁၂/လမန(ပြု) ၀၀၁၃၉၇သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘများ စိတ်ဆင်းရဲအောင်ပြုလုပ်၍ (၃-၃-၂၀၂၄)ရက်တွင် မိဘများမသိအောင် မိမိဆန္ဒဖြင့် နေအိမ်မှ ဆင်းသွားပါသောကြောင့် မောင်သီဟမင်းဆွေအား သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေကြေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းနှင့် အခြားမည်သည့် ကိစ္စအဝဝကိုမှ မိဘညီအစ်ကို မောင်နှမများမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း မောင်သီဟမင်းဆွေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဖခင်- ဦးမြင့်ဆွေ**
**မိခင်-ဒေါ်မီမီထွေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)**
**အမှတ်(၄)၊ သီရိလမ်း၊ သီရိခေမာ ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/59597 ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းသာအောင် ၁၀/ကထန(နိုင်)၁၅၅၈၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅စယ/၃၇၅၂၁ ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၃/ဘအန(နိုင်)၄၂၂၅၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အမည်ပြောင်း

ဦးလင်းလင်းနိုင် ၁၂/သခန (နိုင်) ၁၁၄၉၇၈နှင့်ဒေါ်တင်တင်စိုး ၁၂/အစန (နိုင်) ၁၄၀၅၉၆တို့၏သမီး MaJestic Academy School Grade-1 အောင်မြင်ခဲ့သော မဆောင်းပွင့်ဖြူ အား မစိမ်းလဲ့လေပြေဟုပြောင်းလဲ ခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ဦးဇေယျာလင်းထက် ၁၂/ဗဟန (နိုင်) ၁၀၉၅၆၇၏ နိုင်ငံကူး လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၈၉၅၁၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/55989, Toyomar -125, M/C ယာဉ်လက်ဝယ်ရှိသူ San Myat Zaw Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အများသိစေရန် ကြေညာချက်

ပဲခူးမြို့၊ ဟင်္သာကုန်း(၁၉)ရပ်ကွက်၊ ရွှေဖရုံမယ်(၇)လမ်း၊ အမှတ် (၁၀၂၂) နေ ဦးကြီးငွေ (ဘ) ဦးဘရှင် ၇/ပခန (နိုင်)၀၄၄၅၈၈၏ သစ်တောဦးစီးဌာန၊ ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ထုတ်ပေးထားသော သစ်စက်၊ စက်သေးလိုင်စင်အမှတ် (၄၀/၂၀၂၃-၂၀၂၅) လိုင်စင်မူရင်းကတ်နှင့် မြေစာရင်း(၁၀၅)ပုံစံမူရင်းတို့သည် (၂၄-၄-၂၀၂၄)ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် (၃၀-၄-၂၀၂၄)ရက်တွင် နောက်ဆုံးထားဆက်သွယ်ပြီး ပြန်လည်အပ်နှံပေးကြပါရန်နှင့် အပ်နှံခြင်းမရှိဘဲ လက်ဝယ်ကိုင်ဆောင်အသုံးပြုထားခြင်းအား တွေ့ရှိပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြီးငွေ (ဘ) ဦးဘရှင်**
**၇/ပခန(နိုင်)၀၄၄၅၈၈**
**ဖုန်း-၀၉-၂၅၀၂၀၈၆၈၂**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး) (၁/၂၀၂၄-၂၀၂၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)၊ ထားဝယ်မြို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင်အသုံးပြုမည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါသော ကြောင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာ၍ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** | - | ၆-၅-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) |
| **တင်ဒါပိတ်မည့် နေ့ရက်/အချိန်** | - | ၂၀-၅-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) (၁၅:၀၀)နာရီ |
| **တင်ဒါဖွင့်မည့် နေ့ရက်/အချိန်** | - | ၂၈-၅-၂၀၂၄ ရက်နေ့ (အင်္ဂါနေ့) (၉:၃၀)နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)၊ ပဒုမ္မာလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)၊ ထားဝယ်မြို့၊ ဖုန်း- ၀၉-၂၅၀၅၃၄၅၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
**ထားဝယ်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/3922 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်း ရပ်ကွက်၊ အကွက်အမှတ် နှင့်အမည်-၇/ကျောင်းကြီး၊ ဦးပိုင်အမှတ်-၂၉၊ မြို့မြေအမျိုးအစား၊ ဧရိယာ(၀.၀၆၆)ကေရှိသော ဘိုးဘွားပိုင်မြေကွက်နှင့် မြေတွင်းမြေပေါ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခင်ဝင်းမြင့်၊ ဦးကြီးမြင့်၊ ဒေါ်ခင်ဆွေမြင့်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ငွေးငွေးရီ (၇/ပမန (နိုင်)၀၆၉၃၆၈)၊ ဦးဟန်ဝင်းထိုက်(၇/ပမန(နိုင်)၁၃၉၄၉၁)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်၍ အမည်ပေါက်ထွက်ရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ငွေးငွေးရီ၊ ဦးဟန်ဝင်းထိုက်တို့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်သူဇာဦး (LL.B.) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၉၂)**
**အမှတ်-၄၁၀(က)၊ တီကျစ်ဆုံလမ်း၊ ဆင်စုရပ်ကွက်၊ ပြည်မြို့၊ ဖုန်း-၀၉-၄၃၁၀၄၂၄၈**

## ကုန်အမှတ်တံဆိပ်အား အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ အကွက် (ဃ-၅၅) ၊ ကျွဲဆည်ကန် ( ၄ ) လမ်းရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်-134555998 အရ တည်ထောင် ဖွင့်လှစ်လျက်ရှိသော MINGALAR HINTHAR COMPANY LIMITED ဒါရိုက်တာဖြစ်သူ **ဒေါ်ဖြိုးပြည့်ပြည့်စိုး** (ဘ) ဦးခင်မောင်စိုး ၊ ၉/လဝန (နိုင်) ၂၀၂၆၂ ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ငွေဖာမတီ

#fdb913 #ed1c24

**မှတ်ပုံတင် စာချုပ်အမှတ် (၁၀၆၉/၂၀၂၄)**

ဖော်ပြထားသော **" ငွေဖာမတီ "** အမည်ရှိ **ပရုပ်ဆီ ၊ ရင်လူးဆေးနှင့် တိုင်းရင်းဆေးအမျိုးမျိုး** ကုန်အမှတ် တံဆိပ်ကို ကျွန်ုပ်၏ မိတ်ဆွေကုမ္ပဏီမှ မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင် မြွက်ဟကြေညာစာတမ်း စာချုပ် မှတ်ပုံတင်အမှတ် (၁၀၆၉/၂၀၂၄) အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး **"ပရုပ်ဆီ ၊ ရင်လူးဆေး နှင့် တိုင်းရင်းဆေးအမျိုးမျိုး"** တို့ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ လူအများယုံကြည်စိတ်ချ နှစ်သက်စွာဖြင့် အားပေးလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏ မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်း အသုံးပြုလျက်ရှိသော **" ငွေဖာမတီ "** အမည်ရှိ **ပရုပ်ဆီ ၊ ရင်လူးဆေးနှင့် တိုင်းရင်းဆေးအမျိုးမျိုး** ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ ၊ သွယ်ဝိုက်၍ ဖြစ်စေ ၊ တုပပြုလုပ်သုံးစွဲ နေသည်များကို တွေ့မြင်သိရှိရပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံမူပိုင်ခွင့် ဌာနသို့လည်း မူပိုင်ခွင့်ရရှိရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အဆိုပါ ကုန်အမှတ်တံဆိပ်သည် ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီ၏ တစ်ဦးတည်းပိုင် အမည်အမှတ်အသားဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဒေါ်သန္တာလင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၄၇)
မန္တလေးမြို့ (ဖုန်း ၀၉-၉၅၅၅၁၆၆၆၆)

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုမိန့်အမှတ် (၁၂၇၁/၂၀၁၇) ပြန်လည်အပ်နှံခွင့်ပြုရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးထက်(၁၃/တကန(နိုင်)၀၀၃၇၅၀) ပိုင်ဆိုင်သော မြေကွက်အမှတ် (၁၄၂)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ ဝါးတစ်ရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေကွက်နှင့် အဆောက်အအုံအား ငှားရမ်း၍ China Palette Garment Myanmar Co., Ltd. မှ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် တရားဝင်လုပ်ကိုင်ခဲ့ပြီး ယခုအခါ ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ Ms. Chen Ting သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)သို့ ခွင့်ပြုမိန့် ပြန်လည်အပ်နှံခဲ့ခြင်းမရှိဘဲ ပြည်ပသို့ပြန်သွားပါသည်။ သို့ဖြစ်ပါ၍ မြေပိုင်ရှင် ကျွန်တော် ဦးဇော်မျိုးထက်မှ အထက်ပါကုမ္ပဏီမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၈ အရ အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့သော စက်ပစ္စည်းများအတွက် အကောက်အခွန် ပေးသွင်းခြင်းနှင့် နောက်ဆုံးစည်းကြပ်နှစ်အထိ ဝင်ငွေခွန်ရှင်းလင်းခြင်းတို့အား ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ပြီးဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုမိန့်လိုင်စင်အား ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုစာရင်းမှ ပယ်ဖျက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ကျွန်ုပ်မိတ်ဆွေမှ လျှောက်ထားဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစပြီး (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် သက်ဆိုင်ရာရုံးဌာနသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မျိုးထက် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့်ဦး (LL.B, LL.M, WIPO SWITZERLAND)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၄၉၄/၃၁-၈-၂၀၂၀]**
**အမှတ်(၉)၊ ရပ်ကွက်အမှတ်(၃၆)၊ နဝဒေးယျာဉ်အိမ်ရာ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉-၇၆၅၄၇၉၆၈၆၊ ၀၉-၄၅၃၀၃၁၀၁၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ပုသိမ်ခရိုင်တရားရုံးတော်၌ ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် -၈၃

| | | | |
|---|---|---|---|
| ဒေါ်သက်မာ | နှင့် | ၁။ ဦးလှထူးသိန်း | ၂။ ဒေါ်လှသိန်း |
| | | ၃။ ဒေါ်လှငြိမ်း | ၄။ ဦးမွှေးလုံး |
| | | ၅။ ဒေါ်ငွေးဝင်း | ၆။ ကိုမျိုးဇော် |
| | | ၇။ ဦးစိုးနိုင် | ၈။ ဦးတင့်လွင် |
| | | ၉။ ဒေါ်ချောစိန် | ၁၀။ဦးလှဝင်း |
| | | ၁၁။မလှငွေး | ၁၂။ မမိခိုင် |
| | | ၁၃။ မလှမြင့် | ၁၄။ ကိုလှမိုး |
| | | ၁၅။ မမိချို | ၁၆။ ကိုလှစိုး |
| | | ၁၇။ ဒေါ်အမာဖြူ | ၁၈။ မချိုသဲ |
| | | ၁၉။ ဦးဝင်းစိန် | ၂၀။ ဒေါ်ငွေးမြင့် |
| | | | ၂၁။ ဦးစိုးမြင့် |
| (တရားလို) | | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ထန်းခြောက်ပင်၊ ပတ္တမြား(၁)လမ်း၊ အမှတ်(ည/၇၄၅)နေ မချိုသဲ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မေလ ၁၃ရက် (၁၃၈၆ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဧပြီလ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ယင်းမာ)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၄/မင်းကြီးညို့မြောက်)၊ ဦးပိုင် (၁၆၇/155)၊ ဧရိယာ (၀.၀၅၅) ကေအား ဦးဘိုးဟန်-ဒေါ်တင်မြင့် အမည်ဖြင့် မြေငှားဂရန်ခွင့်ပြုရရှိထားပြီး ၎င်းတို့ထံမှ ဒေါ်ထိုက်ထိုက်အောင်မှ တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ထိုက်ထိုက်အောင် အမည်ဖြင့် သက်တမ်းတိုး အမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဒေါ်ထိုက်ထိုက်အောင်အား မြေငှားဂရန် ထုတ်ပေးလိမ့် မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ် ၉/ခ၊ ဧရိယာ ၁၂၀၀ စ/ပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ် ၉/ခဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သည်ဟု အဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်သန္တာမျိုးသွင် (၉/ပမန(နိုင်)၁၄၀၀၄၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီခဲ့ပြီးနောက် အရောင်းပစ္စည်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေ၊ အဆောက်အအုံ ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာချုပ် စာတမ်းအထောက်အထား မူရင်းများကို ယူဆောင်၍ ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေနှင့်အဆောက်အအုံ ရောင်းဝယ်ခြင်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အိအိအောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (လိုင်စင်-၇၆၆၄)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊ ၀၉-၄၄၃၁၃၆၀၁၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ် (၅၊ ကျောင်းရပ်)၊ ဦးပိုင်အမှတ်(၂၈/၃)၊ မြေဧရိယာ(၀ဒသမ၃၂၀)ကေရှိ မြေကွက်သည် မူလက ဦးချစ်ဆွေ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၆၉၉(၃)၂၀၀၁-၂၀၀၂ အရ (၁၃-၈-၂၀၁၆)ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးချစ်ဆွေက (၂-၈-၂၀၂၃)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၈/၂၀၂၃)နှင့် (၁၂-၃-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၀၀၄/၂၀၂၄)တို့အရ မူလ မြေဧရိယာ(၀ဒသမ၃၂၀)ကေအနက်မှ တောင်ဘက်ခြမ်း(၀ဒသမ၁၈၃)ကေအား ဦးပိုင်ခွဲစိတ်၍ ဒေါ်အေးမြထွန်း ၁/ဝမန(နိုင်)၀၆၉၉၃၄ ထံသို့ အပြီးအပိုင်ရောင်းချ ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်အေးမြထွန်းအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၄)စုံခေါင်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၁၁၆+၁၀၇)၊ စုစုပေါင်းမြေဧရိယာ(၀ဒသမ၂၃၇) ကေသည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၂၇-၂-၁၉၉၈)ရက်စွဲပါ စာအမှတ် ၅၄၀/၅-၄/တယက(တနင်္သာရီ)အရ အိမ်ရာမြေကွက်များအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်းအား လ/န(၃၉)အမိန့် ခွင့်ပြုမိန့်ချထားပေးခဲ့ သည့် မြေဧရိယာအတွင်း ပါဝင်ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း ၆/မအရ(နိုင်) ၀၂၇၂၀၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် -၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၁/၂-၆၉)၊ မြေဧရိယာ (၀ဒသမ ၁၀၁)ကေသည် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၂၇-၂-၁၉၉၈) ရက်စွဲပါ စာအမှတ်၊ ၅၄၀/၅-၄/တယက (တနင်္သာရီ) အရ အိမ်ရာမြေကွက်များ အဖြစ် အသုံးပြုရန် ဦးရှမ်းဝင်းအား လ/န(၃၉)အမိန့် ခွင့်ပြုချထားပေးခဲ့သည့် မြေဧရိယာအတွင်း ပါဝင်ပါသည်။ အဆိုပါ မြေနေရာအား မြေငှား ဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း ၆/မအရ(နိုင်) ၀၂၇၂၀၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/81832, Honda Click -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာမင်း ၉/ခမစ(နိုင်) ၀၅၀၈၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/70802, Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းသိန်း ၉/မမန(နိုင်) ၁၁၉၀၄၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၆/မင်းကြီးညို့အရှေ့)၊ ဦးပိုင်(၂၇၈-က)၊ ဧရိယာ (၀ဒသမ၀၈၁)ကေအား ဦးအောင်ကိုကိုမြင့် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးအောင်ကိုကိုမြင့်အား မြေငှား ဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာ ရပ်ကွက်၊ (၅၇)ရပ်ကွက်နေ ကျွန်မ ဒေါ်စန်းလွင်၏သားဖြစ်သူ ဖိုးသား(ခ) မောင်နိုင်သူလွင် ၉/အမဇ(နိုင်)၀၁၈၆၀၁သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘမသိသော ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်နေခြင်းတို့ကြောင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းမောင်နိုင်သူလွင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအရှုပ်အရှင်းကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းလွင်**
**၉/မနမ(နိုင်)၀၄၅၆၀၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်သက်ဖူးအောင် ၁/မမန(နိုင်)၀၄၅၀၈၉ ၏ မိခင် ဒေါ်မာလာခိုင်နှင့် ဒေါ်လာဆိုင်မှာ လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ယူရီကိုယ်ပိုင်အထက်တန်းကျောင်း G-11မှ နန်းမိုးမိုးသိန်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးဘသန်း ၁၄/ပတန(နိုင်) ၁၅၀၇၂၈ ဖြစ်ပါကြောင်း။

**ဦးဘသန်း**

## အမည်ပြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့ ယူရီကိုယ်ပိုင်အထက်တန်းကျောင်း G-11မှ ဦးမင်းဇော်ဦး၏ သမီး နန်းမိုးမိုးသိန်းအား နန်းမေမြတ်နိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းမေမြတ်နိုး**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ညောင်တိုကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) Grade-9 မှ မောင်မိုးဟိန်းဇော်၏ အမည်မှန်မှာ မောင်အောင်မိုးဟိန်းဇော်ဖြစ်ပြီး ၎င်းဖခင် ဦးသန်းဇော်၏ အမည်မှန်မှာ ဦးဝင်းပို(၉/ညဥန(နိုင်)၁၁၉၅၆၁)၊ ၎င်း၏မိခင် ဒေါ်သွယ်၏အမည်မှန်မှာ ဒေါ်မြသွယ် (၉/ညဥန(နိုင်)၁၁၉၆၅၅) ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ(၂၀၂၄ -၂၀၂၅) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ၊ စက်သုံးဆီ (ဒီဇယ်ဆီ/ချောဆီ)များကို သတ်မှတ် စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၅) ငွေစာရင်းဌာနစိတ်နှင့် ဖုန်း ၀၉-၄၄၆၅၀၈၃၉၀၊ ၀၉-၂၅၆၂၆၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ပစ္စည်းတန်ဖိုးအပေါ်မူတည်၍သတ်မှတ်နှုန်းဖြင့် ညွှန်ကြားရေးမှူးရုံးဝင်း၊ တည်ဆောက်ရေး(၅)၊ (ဓမ္မာရုံ)၊ ဘဲကုန်းဝင်း၊ ပျဉ်းမနားမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။(က) **တင်ဒါအဆိုပြုလွှာ**

**စတင်ရောင်းချမည့်ရက်/အချိန်** - ၂၉ - ၄ -၂၀၂၄(ရုံးချိန်အတွင်း)

**(Profile အထောက်အထားများ တင်ပြရမည်။)**

(ခ) **လျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၃-၅-၂၀၂၄ရက်၊ ညနေ ၄:၃၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၅-၂၀၂၄ရက်၊ နံနက် ၁၀:၀၀နာရီ

(ဃ) **တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း၊ (ဓမ္မာရုံ)၊ ဘဲကုန်းဝင်း၊ တည်ဆောက်ရေး (၅)၊ ပျဉ်းမနားမြို့။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊**
**တည်ဆောက်ရေး(၅)၊ နေပြည်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၈၆၊ ဦးပိုင်အမှတ် (၁)/၈၄ လမ်းပေါ်ရှိ ဦးသံချောင်း၊ ဒေါ်တင်စိန်အမည်ပေါက် ဘိုးဘမြေကွက်အား ဇနီး ဒေါ်တင်စိန်ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးသံချောင်း ၉/မရတ(နိုင်)၀၄၆၁၀၅၈က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်း ကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၃၁၆၄)၊ ဧရိယာ (၀.၀၅၃)ဧကကို အမည်ပေါက် ဦးမြင့်စိန် (တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေး ဖြစ်သူ ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ ဒေါ်လှလှလေး(ဘ)ဦးလောစံ ၁/ဝမန(နိုင်) ၀၂၉၈၅၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၄၇/၂၀၂၂၊ တရားမဇာရီမှုအမှတ် ၃၇/၂၀၂၂တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/42666, Honda ZOOMER 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဇင်ဇင်ဦး ၁၄/ရသယ(နိုင်)၀၀၂၇၈၈၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 77W/63872, Dream 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၄/ပသန(နိုင်)၂၅၂၉၆၈ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/82703, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်အောင် ၉/တတဥ(နိုင်)၀၉၅၉၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက် ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ (St ar City)၊ တိုက်အမှတ်(B4)၊ Type(A), RC(၁၂)ထပ်ခွဲ ကွန်ဒိုတိုက်ခန်း အဆောက်အအုံ၏(၁၁လွှာ)၊ အခန်းအမှတ်(၁၁၀၈)၊ ဧရိယာ(၁၂၆၁)စတုရန်းပေ ရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ ရေမီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးသိန်းထွန်း ၁၂/ပဘတ(နိုင်)၀၀၇၂၈၂၊ ဒေါ်ဝင်းကြည် ၉/မရမ(နိုင်) ၀၃၇၄၃၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇေယျာညိမ်း ၇/ညလပ(နိုင်)၀၉၂၆၃၃၊ ဒေါ်မေသူဝင်း ၁၂/မဂတ(နိုင်) ၀၇၉၁၉၁တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံ သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိ ပေးကြေညာအပ်ပါသည်။

**ဦးဇေယျာညိမ်း၊ ဒေါ်မေသူဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B.D.B.L,D.I.L,D.I.P.L,WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊မဟာမြင့်မိုရ်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ကျုံတာကျေးရွာအုပ်စုနေ ကျွန်မ ဒေါ်နော်ဂရီးထာဖော ၁၄/ကကန(နိုင်)၁၈၀၁၇၁၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၄၀၄၄၄၈၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) တင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂)၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများမှ မြန်မာငွေကျပ်ဖြင့် အောက်ဖော်ပြပါ Lot များအလိုက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | Lot အလိုက် ဝယ်ယူမည့်ပစ္စည်းများ |
|---|---|---|
| (က) | Lot-1 | စာကြည့်တိုက်နံရံကပ်ဗီရိုတပ်ဆင်ခြင်း |
| (ခ) | Lot-2 | Backup Storage Server, Asset Management Software , Window Server 2022 Standard Edition, End Point Protection For Server |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် - ၂၉-၄-၂၀၂၄ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက် - ၁၀-၅-၂၀၂၄ရက်(သောကြာနေ့) (ရုံးချိန်အတွင်း)

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် - ၂၄-၅-၂၀၂၄ရက်(သောကြာနေ့) (ရုံးချိန်အတွင်း)

(ဃ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ် (၅၇)၊ နေပြည်တော်။

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် -၀၆၇-၃၄၃၀၁၇၂၊ ၀၆၇-၃၄၃၀၀၄၄ နှင့် ၀၆၇-၃၄၃၀၀၄၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်ဖြစ်သည့် (၁-၄-၂၀၂၄)ရက်နေ့မှ ( ၃၁-၃-၂၀၂၅)ရက်နေ့ထိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး ကြီးကြပ်မှုအောက်ရှိ ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ပျက်စီးသွားသော အောက်ဖော်ပြပါ ရခိုင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး၊ ရုံးအဆောက်အဦ(၆၀' x ၈၀') RC ၂ထပ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် လုပ်ငန်းလုပ်ကိုင်လိုသူများထံမှ ချိတ်ပိတ်တင်ဒါ /ဈေးပြိုင်စနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်-

(က) Overhead Tank((200)Gallons(2) Nos.နှင့်ဆက်စပ်လုပ်ငန်းများ)

(ခ) အနောက်ဘက်ခြံစည်းရိုး(၃၀၀ပေ) ပြုလုပ်ခြင်းလုပ်ငန်း(9"thick brick wall, 3"thick(1:3:6) lean concrete, 13½ x 13 ½ Brick post and 18"x 18" Brick post )

(ဂ) ပြူတင်းပေါက်များတွင် Sunshade တပ်ဆင်ခြင်းလုပ်ငန်း (784 $ft^2$)

(ဃ) အထွေထွေလုပ်ငန်း(မီး၊ ရေ၊ လုပ်ငန်းသုံးပစ္စည်း)

- Lighting fitting, switch & sock outlet, wire & Cable Insulation, wire Accessories, lightening Arrestor Set, 1.5 H.P Aircon Installation,Stage Background Light Accessories
- 2"Tube well, water pump နှင့် ဆက်စပ်လုပ်ငန်းများ
- ကော်ဇောခင်းခြင်း(3600 $ft^2$)
- လိုက်ကာတပ်ဆင်ခြင်း(1365 $ft^2$)

၂။ ချိတ်ပိတ်တင်ဒါ/ ဈေးပြိုင်စနစ်ပုံစံနှင့် စည်းကမ်းချက်များကို တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးနှင့် ရုံးအမှတ်(၁၄)၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တာဝန်ခံအရာရှိ၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရုံးသို့ဖြစ်စေ၊ဖုန်း-၀၉၅၁၄၈၉၅၄၊ ၀၉၄၅၀၀၄၇၅၈၈၊ ၀၁၅၄၇၄၂၆၊ ၀၆၇-၃၄၀၉၃၁၆၊ ၀၆၇-၃၄၀၉၃၁၅ သို့ ရုံးချိန်အတွင်း မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၂-၅-၂၀၂၄ ရက်နေ့မှ ၁၅-၅-၂၀၂၄ (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက် - ၂-၆-၂၀၂၄ ရက်နေ့၊ ညနေ(၄:၃၀) နာရီ

တင်ဒါကျင်းပမည့်နေရာ - ရုံးအမှတ်(၁၄)၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန

တင်ဒါကျင်းပမည့်ရက်/ အချိန် - ပြန်လည်အကြောင်းကြားသွားမည်ဖြစ်ပါသည်

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ Website - http://www.moea.gov.mm တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၃-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃) ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 22W/49163 အစား 22W/49167 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ကူတို့ဆိမ့်ကျေးရွာ D-သာလွန် ကိုယ်ပိုင်ကျောင်း Grade-12 ခုံအမှတ် (နဇယ-၁၀၄၉)ဖြင့် ဖြေဆိုထားသည့် မသီတာလွင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ညွန့်မင်း (၉/ပမန(နိုင်)၀၃၇၈၈၉)ဖြစ်ပါကြောင်း။

**ဦးအောင်ညွန့်မင်း**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) တင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂)၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မော်တော်ယာဉ်(၁၃)စီးဆန့်ကားစတန်းပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် - ၂၉-၄-၂၀၂၄ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက် - ၁၀-၅-၂၀၂၄ရက်(သောကြာနေ့) (ရုံးချိန်အတွင်း)

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် - ၂၄-၅-၂၀၂၄ရက်(သောကြာနေ့) (ရုံးချိန်အတွင်း)

(ဃ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ် (၅၇)၊ နေပြည်တော်။

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် - ၀၆၇-၃၄၃၀၁၇၂ ၊ ၀၆၇-၃၄၃၀၀၄၄ နှင့် ၀၆၇-၃၄၃၀၀၄၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်ဖြစ်သည့် (၁-၄-၂၀၂၄)ရက်နေ့မှ (၃၁-၃-၂၀၂၅) ရက်နေ့ထိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း(၆) မျိုးဆောင်ရွက်ရန်အတွက် လုပ်ငန်းလုပ်ကိုင်လိုသူများထံမှ ချိတ်ပိတ်တင်ဒါ /ဈေးပြိုင်စနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်-

(က) သောင်တူးခြင်းလုပ်ငန်း (၁၀၀ မီတာ x ၉၀မီတာ x၂မီတာ)

(ခ) ကပွဲခန်းမအထွေထွေပြုပြင်ခြင်း(၈၄' x ၄၀')

(၁) ပျက်စီးနေသောအမိုးများ အစားထိုးလဲလှယ်ခြင်း

(၂) မျက်နှာကျက်ပြန်လည်တပ်ဆင်ခြင်း

(၃) နံရံဆေးသုတ်ခြင်း

(ဂ) (၂၂၈'x ၁၂၈'x ၁၂') အုပ်ချုပ်မှုရုံး အဆောက်အအုံဆေးသုတ်မွမ်းမံခြင်း

(ဃ) ပြည်ထောင်စုခန်းမ အထွေထွေပြုပြင်ခြင်း (အမိုး၊ နံရံဆေးသုတ်ခြင်း(၁၆၀'x ၈၀'x ၃၇'))

(င) ရေမော်တာ+ပန့် Accessories များနှင့် Water Distribution System အသစ်တပ်ဆင်ခြင်း (10 Hp (၁) လုံး၊ 7.5 Hp(၂)လုံး၊ 5.5Hp(၂)လုံး၊ မော်တာ+ပန့် Control Panel နှင့်ဆက်စပ်ပစ္စည်းများအပါအဝင်)

(စ) မီးရရှိရေး

(၁) 500 KVA နှင့် 300 KVA Transformer ပါဝါဆီလဲလှယ်ခြင်း၊ General Service ပြုလုပ်ခြင်းနှင့် Maintenance ပြုလုပ်ခြင်း၊

(၂) လျှပ်စစ်မီးတိုင်လဲလှယ်ခြင်း၊ မီးလိုင်းနှင့် မီးတိုင်များ၊ ကြွေသီးအသစ်များ လဲလှယ်တပ်ဆင်ခြင်း

(၃) (၂၂၈'x၁၂၈' x၁၂')အုပ်ချုပ်မှု အဆောက်အအုံ မီးလိုင်းပြုပြင်ခြင်း

၂။ ချိတ်ပိတ်တင်ဒါ/ ဈေးပြိုင်စနစ်ပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)နှင့် ရုံး အမှတ်(၁၄)၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနတို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တာဝန်ခံအရာရှိ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရုံးသို့ဖြစ်စေ၊ ဖုန်း- ၀၉၅၁၄၈၉၅၄၊ ၀၉၄၅၀၀၄၇၅၈၈၊ ၀၁၅၄၇၄၂၆ ၊ ၀၆၇-၃၄၀၉၃၁၆၊ ၀၆၇-၃၄၀၉၃၁၅ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၂-၅-၂၀၂၄ ရက်နေ့မှ ၁၅-၅-၂၀၂၄ (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - ၂-၆-၂၀၂၄ ရက်နေ့၊ ညနေ(၄:၃၀)နာရီ

တင်ဒါကျင်းပမည့်နေရာ - ရုံးအမှတ်(၁၄)၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန

တင်ဒါကျင်းပမည့်ရက်/ အချိန် - ပြန်လည်အကြောင်းကြားသွားမည်ဖြစ်ပါသည်

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ Website - http://www.moea.gov.mm တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ကူတို့ဆိမ့်ကျေးရွာ၊ D-သာလွန်ကိုယ်ပိုင်ကျောင်း Grade-11 မှ မသက်မွန်ဦး၊ ကူတို့ဆိမ့်ကျေးရွာ မူလွန်ကျောင်း Grade-5 မှ မသီတာဆွေ၊ Grade-2 မှ မောင်အံ့ဘုန်းမြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုကို (၉/ပမန (နိုင်)၁၅၆၂၀၈)ဖြစ်ပါကြောင်း။

**ဦးကိုကို**

## နောင်တော်ကြီးစေတီတော်နှင့် အရံစေတီ(၂၄)ဆူ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပပြုလုပ်မည်

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ နောင်တော်ကြီးစေတီတော်နှင့် အရံစေတီ(၂၄)ဆူအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲ အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ အပါအဝင် သံဃာတော် (၁၀၈)ပါးဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ အင်္ဂါနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နံနက် ၀၅:၃၀ နာရီတွင် ထီးတော်ရုံတန်ဆောင်း၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၀၆:၁၅ နာရီတွင် နောင်တော်ကြီးစေတီ အထက်ပစ္စယံထောင့်လေးထောင့်၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပခြင်း၊ နံနက် ၀၆:၄၅ နာရီတွင် ချမ်းသာကြီးတန်ဆောင်း၌ ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပခြင်း စသည့်ကောင်းမှုအစုစုတို့ပြုလုပ်ဆောင်ရွက်မည် ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများမှ လှူဒါန်းမှုအစုစုအတွက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြ စေရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု(RA)-(RA-1)၊ အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၁၂၆၈)၊ အကျယ်အဝန်း(၄၀' x ၆၀')ရှိ မြေကွက်နှင့်တကွ ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၁၂၇၄/၂၀၂၀)အရ ဒေါ်သောင်းရီ (၁၂/တတန(နိုင်)၁၁၀၇၀၃)အမည်ဖြင့် ရရှိထားသည့်မြေကွက်ဖြစ်ပြီး ၎င်းမှ မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုမာ ( LL.B ) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ်(၈၉၅)၊ မုဒိတာအိမ်ရာ(၂)၊ ဓာတ်လှေကား ပါဝင်သော RC(၈)ထပ်ခွဲ မီနီကွန်ဒို တိုက်ခန်းအဆောက်အအုံ၏ ပဥ္စမထပ်(၆ လွှာ) အခန်း၊ အခန်းအမှတ်(2A/662)၊ ဧရိယာ(၆၀၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးနိုင်လင်း ၅/ဆလက(နိုင်) ၀၈၇၅၇၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးရှိန်းပြည့်ကိုကို ၁၂/ဥကမ(နိုင်)၁၉၈၀၈၉က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည်နေ့မှ ခုနစ်ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူ ရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ် မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရှိန်းပြည့်ကိုကို၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာကျော် LL.B.D.B.L,D.I.L,D.I.P.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊မဟာမြင့်မိုရ်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

---

## အများသိစေရန် ကြေညာချက်

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၇-ဃ/ကျီတော်ကုန်း)၊ မြေကွက်အမှတ် (၂၁)၊ မြေဧရိယာ(၀ဒသမ၀၄၃)ဧကရှိ မြေကွက်သည် မြို့နယ်စုမြို့တိုးချဲ့ရပ်ကွက်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့၏ (၂၁-၇-၁၉၉၂)ရက်စွဲပါ စာအမှတ် ၁၀၄၇/၁-၆/စ၀တ(မိတ္ထီလာ)အရ ဒေါ်ခင်မျိုးကြည်၊ ဥပဒေ-မိတ္ထီလာအမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ်(၂၆)၊ မြေဧရိယာ(၀ဒသမ၀၄၃)ဧကရှိ မြေကွက်သည် မြို့နယ်စုမြို့တိုးချဲ့ရပ်ကွက်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့၏ (၂၁-၁၀-၁၉၉၂)ရက်စွဲပါ စာအမှတ် ၁၀၄၇/၁-၆/စ၀တ(မိတ္ထီလာ)အရ ဦးတင်အောင်၊ လှိုင်းတက်ခြံအမည်ဖြင့်လည်းကောင်း မြေနေရာချထားပေးခဲ့သော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေနေရာအား ဒေါ်ခင်မျိုးကြည်နှင့် ဦးတင်အောင် တို့၏ ကိုယ်စားပြုသူ ဦးစိုင်းလှိုင်ဘုန်းအောင် ၉/ခမစ(နိုင်) ၀၆၂၉၀၂မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၂၂၇၇၆)၊ ဧရိယာ (၀.၁၁၀)ဧကကို အမည်ပေါက် ဦးမြင့်ကြွယ် (တရားရှုံး)ကိုယ်စား ဇေယျာသီရိခရိုင်တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဇင်သန့် (ဘ)ဦးမြင့်ဇော် ၉/ကဆန(နိုင်)၁၁၅၈၇၆မှ ဒေါ်မြခြူးသွယ် (ဘ) ဦးကျော်ကျော် ၈/စလန(နိုင်)၁၄၅၄၁၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထုတ်ယူခွင့်ပြုပါရန် ဇေယျာသီရိခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၇၅/၂၀၂၂၊ တရားမဇာရီမှုအမှတ် ၂၆/၂၀၂၃တို့တင်ပြ၍ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာနေ ဒေါ်မွန်ထွေး၏သမီး အိဇင်မင်း(ခ)အိခိုင်ဖြိုး ၉/ပသက(နိုင်)၁၄၀၃၃၈သည် မိသားစုဝင်များအပေါ် အမျိုးမျိုးစိတ်ဒုက္ခပေးပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ ငွေရေး၊ ကြွေးရေးကိစ္စအဝဝနှင့် မည်သည့်ကိစ္စမဆို မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မွန်ထွေး ၉/ပသက(နိုင်)၀၀၁၃၀၀**

---

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Thermoplastic(ဖြူ/ဝါ) | ၆၀၀ တန် |
| (ခ) | Glass Beads / Concrete Primer | ၆၀တန်/ ၁၀၀ပုံး |
| (ဂ) | ရေဆိုးစက်ရုံနှင့်သန့်ရှင်းမှုဆိုင်ရာသုံးပစ္စည်း | 1 Lot |
| (ဃ) | ဓာတ်အားခွဲရုံသုံးပစ္စည်း/ဓာတ်အားလိုင်းသုံးပစ္စည်း | ၂/၆မျိုး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၄-၂၀၂၄ရက် မှစ၍ ရောင်းချမည်ဖြစ်ပြီး ၉-၅-၂၀၂၄ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါ ပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူ ရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်-RA-IV/ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် ၄၉/င-၄၊ မြေကွက်အမှတ် 52/289-E၊ ဧရိယာ(၀ဒသမ၃၉)ဧကရှိဟု သတ်မှတ်ခေါ်တွင်သည့် ဂရန်မြေကွက်နှင့်တကွ ယင်းမြေပေါ်ပါ အကျိုးခံစားခွင့် အရပ်ရပ်အား ဂရန်အမည်ပေါက်ရရှိထားသူထံမှ ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ နေအိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အရ ဝယ်ယူကာ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဦးညီညီဝင်း ၁၂/တမန(နိုင်) ၁၀၉၉၁၀ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အလို့ငှာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ ဂရန်မြေနှင့်စပ်လျဉ်းပြီး ကျွန်ုပ်၏မိတ်ဆွေက တရားဝင် အမည်ပေါက်ပိုင်ဆိုင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် အဆိုပါ မြေကွက်နှင့်စပ်လျဉ်းပြီး အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် ယနေ့မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာရုံးဌာန အသီးသီးတွင် တရားဝင်ပိုင်ဆိုင်မှု မြေဂရန် မူရင်း၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့် နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂)**
**အခန်းအမှတ်(၂၄)၊ YMCA တိုက်ခန်း၊ မန္တလေး-လားရှိုးလမ်းမကြီး၊**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၉-၂၀၅၀၁၂၈**

---

## သက်ဆိုင်သူများသိစေရန် အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မစုစုလတ် (ခ) Zheng Ling Ling (Facebook Account Name - Mi Chan Layih Sorn) (၁၂/သလန (နိုင်) ၁၅၃၁၉၃) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ မစုစုလတ် (ခ) Zheng Ling Ling ၏အမည်ကို အသုံးပြု၍ ငွေကြေးချေးငှားခြင်းများ၊ လိမ်လည်ခြင်းများပြုလုပ်နေသည်ကို ကြားသိရပါသည်။ ထိုသို့ပြုလုပ်သူများအပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းရယူထားခြင်းမရှိသည့် ငွေကြေးကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ မစုစုလတ် (ခ) Zheng Ling Lin ၏ အမည်နှင့်ဓါတ်ပုံများကို အသုံးပြုပြီး ဆက်သွယ်ရေး လူမှုကွန်ယက်များဖြစ်သည့် Facebook, Comment, Messenger, E-mail, Viber, We Chat, Line, Telegram စသည့် Online Media တို့တွင် ဂုဏ်သိက္ခာထိပါးစေသည့် ပြောဆိုရေးသားမှုများနှင့်ကျွန်ုပ်၏မိတ်ဆွေ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ထိပါးပြောဆိုခြင်း၊ သိက္ခာချခြင်း၊ ဆဲဆိုခြင်းများမပြုလုပ်ပါရန် အသိပေးအပ်ပါသည်။ အကယ်၍ ထိုသို့အသိပေးမှုများအား မလိုက်နာဘဲ ဆက်လက်ဆောင်ရွက်ပြုမူနေမည်ဆိုပါက ဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ထက်ထက်ဦးမြင့်**
LL.B, D.I.L, C.B.L, Dip in Global English,
DL-DIP (101, 302) (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၁၆၅)
အမှတ် (၅၀)၊ ပ-ထပ်၊ (A-18)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၈၆၉၂၃၊ ၀၉ ၉၅၆၉၉၄၄၅၄

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပန်းပင်ဆိပ်ကျေးရွာနေ ဦးနေလင်း ၁၄/ပသန(နိုင်)၀၈၅၁၂၇ တို့၏သား မောင်ချစ်မဝကိုကို ၁၄/ပသန(နိုင်)၃၂၈၄၉၁အား သားအဖြစ်မှ အမွေပြတ်စွန့်လိုက်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းမှန်သမျှ မိမိနှင့်မသက်ဆိုင်တော့ပါကြောင်းနှင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**
**ဦးနေလင်း**
**၁၄/ပသန(နိုင်)၀၈၅၁၂၇**

---

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ ပညာဘဏ်လမ်း၊ ဦးပိုင်အမှတ်(၁၆၃)၊ အကွက်အမှတ်နှင့် အမည် (၁၇/ဃ)နေ ဒေါ်အိအိခိုင် ၈/ပခက(နိုင်)၁၇၂၅၂၁မှ (အလျား ၂၅'-၀"xအနံ ၃၆'-၀") RC(၁) ထပ်ခွဲသွပ်မိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌ ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၁

| | | |
|---|---|---|
| ဒေါ်ကျူရင် | နှင့် | ဦးရှောလန် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (ဖ-၁၉/၂ (က+ခ)ထွန်းတိုးရပ်ကွက်နေ ဦးရှီလောက်တာ၏သားဖြစ်သူ ဦးရှောလန် ၁၃/လရန(နိုင်)၀၆၀၂၂၆ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ကျူရင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ (၀ဒသမ၀ ၁၄)ဧက အကျယ်အဝန်းရှိ ဦးကျော်မြင့် အမည်ပေါက်နှင့် မန္တလေးမြို့၊ ချမ်းမြသာ စည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ (၀ဒသမ၀၁၄)ဧက အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်သန်း အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၄ခုနှစ်၊ မေလ ၇ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆုတ် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

---

## မိဘအမည်မှန်

ရလက (၃)စည်သူတပ်ခွဲမှ ရတ်ခရောင်ခေါင်ရဲ(ခ)ခေါင်ရဲ၏ မိဘအမည်မှန်မှာ ဦးလွန်းခေါင်(ခ)ဦးလွမ်းခေါင်နှင့် ဒေါ်ခေါင်နန်းသည် အမည်နှစ်မျိုးကွဲပြားသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ရလက (၃) စည်သူတပ်ခွဲမှ ရတ်ခရောင်ခေါင်ရဲ(ခ)ခေါင်ရဲ သည် အမည်နှစ်မျိုးကွဲပြားသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ သဲကုန်းအုပ်စု၊ ကုန်သာကျေးရွာနေ ဒေါ်ကျော့ရင် ၇/ပမန(နိုင်)၀၈၄၀၇၀ ၏ သားဖြစ်သော ဦးသိန်းဇော် ၇/ပမန(နိုင်)၀၈၄၇၆၁ သည် မိခင်၏ဆိုဆုံးမမှုများကို နာခံခြင်းမရှိသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကျော့ရင်**
**၇/ပမန(နိုင်)၀၈၄၀၇၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်ထွန်းကြိုင်(ဘ)ဦးကိုကိုကြီး ၁/မညန(နိုင်)၀၀၁၄၀၉၊အမှတ် (၁၀၇)၊ နားခါတောင်ရပ်ကွက်၊ မိုးညှင်းမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မိုးညှင်းမြို့၊ ရန်ကင်းရပ်ကွက်၊(၂)လမ်းရှိ အိမ်အမှတ်(၁၀၈/(ခ))၊အလျား (၃၀)ပေx အနံ (၈၀)ပေရှိ လူနေဝင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူဖြစ်သော ဒေါ်စန္ဒာစိုး ၁/မညန(နိုင်)၁၃၉၂၀၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက (၂-၇-၂၀၂၃) ရက်တွင် အပြီးအပိုင် ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ အထက်ဖော်ပြပါ နေအိမ်ဝင်းခြံမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေအမည်ဖြင့် မြေငှားဂရန် အမည်ပေါက် လျှောက်ထားဆောင်ရွက်မည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ကျွန်ုပ်မိတ်ဆွေ အမည်ဖြင့် မြေငှားဂရန်အမည်ပေါက် လျှောက်ထားခြင်းကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုဦး(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၇၁၇)**
**အမှတ်(၁၃)၊ နားခါမြောက်ရပ်ကွက်၊ မိုးညှင်းမြို့၊ ဖုန်း ၀၉-၄၄၄၃၇၆၈၅၃**

---

## ဒေါ်လင်းထက်ထက်လှိုင် (၉/မကန(နိုင်)၀၈၉၄၆၇)နှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်လင်းထက်ထက်လှိုင်မှ (၂၃-၃-၂၀၂၄)ရက်တွင် မြန်မာ့အလင်း သတင်းစာတွင် ကြေညာခဲ့သော မိုးကုတ်မြို့ စည်ပင်သာယာရပ်နေ ဦးလွန်းမောင် ဂရန်အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ် (င/၉၉) (၃x၄ ခန်း၊ သွပ်မိုး ပျဉ်ထောင် (၂)ထပ် အဆောက်အအုံသည် မိဘများကွယ်လွန်သွားသဖြင့် သားသမီး (၈)ဦးမှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်များ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အမွေဆိုင်နေအိမ်မြေနှင့်ပတ်သက်၍ ရောင်းချလွှဲပြောင်းပေးကမ်း/အခြား တစ်နည်းနည်းဖြင့် ပြုလုပ်ခွင့်မရှိကြောင်းနှင့် မသက်ဆိုင်သူများမှ ကျူးကျော်ဝင်ရောက်နေထိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အမွေဆိုင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၂၀)**
**စည်ပင်သာယာရပ်၊ မိုးကုတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက်အမှတ် ၁၆/က၊ ဝ ဒသမ ၁၀၄ ဧက၊ မြေကွက်တည်နေရာအမှတ် (၂၁၄-B)၊ ရန်ကုန်-အင်းစိန် လမ်းမကြီး၊ ၁၂ရပ်ကွက်၊ (ဒေါ်အုန်းရှင်၊ ဒေါ်အေးကြင်) အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ) မြေအား အမည်ပေါက် ဒေါ်အုန်းရှင်၊ ဒေါ်အေးကြင် မြေကွက်၏ မခွဲမစိတ်ရသေးသည့် အစိတ်အပိုင်း (၃၀' x ၆၄')အား အမည်ပေါက် ဒေါ်အုန်းရှင် ထံမှ ၂၀-၉-၁၉၈၂ ရက်တွင် အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ရောင်းချသူ ဒေါ်အုန်းရှင်မှ ၂-၁၁-၁၉၈၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် (ခင်ပွန်း)ဖြစ်သူ ဦးသိန်းအား (တရားပြိုင်)ထားရှိပြီး လှိုင်မြို့နယ်တရားမရုံးတော်၌ တရားမကြီးမှု အမှတ်(၂၀/၂၀၁၅)ဖြင့် ဦးလှမြင့်မှ (တရားလို) ပြုလုပ်ကာ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် တရား စွဲဆိုခဲ့ရာ ဇာရီမှု အမှတ် (၉/၂၀၁၅)အရ အနိုင်ဒီကရီရရှိခဲ့ပြီး တရုံးကိုယ်စား ဇာရီမှုအမှတ်(၁၃/ ၂၀၂၂)ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်လွင်လွင်အောင် ၈/ရစက(နိုင်)၀၉၅၂၇၂ က နိုင်ငံသား စိစစ်ရေး =ကတ်ပြား၊ တရားရုံးအထောက်အထားများ၊ လှိုင်မြို့နယ်တရားရုံး၏ ၂၇-၁၂-၂၀၂၂ရက်စွဲပါ ဘိလစ်ခန့်စာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အသုက(၂၂)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက် အမှတ် ၆၅၅(က)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဒေါ်ညွန့်သိန်း (၁/OKA-၀၀၁၇၄၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အား မျက်နှာမူလျှင်(ညာ)ဘက်အခြမ်း၊ (၁၀ x ၆ ၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ထံမှ ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားကာရောင်းချပိုင်ခွင့်ရှိ ကြောင်း အဆိုပြုသူ ဒေါ်အေးသိုက် ၁၂/ဥကတ(နိုင်)၀၈၅၆၅၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်စိန်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)** | **ဒေါ်မေဝင်းမော်(LL.B)** |
| **စဉ်-၁၁၄၄၅/၂၀၁၆** | **စဉ်-၁၃၇၂၈/၂၀၁၇** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-(၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃ ၊ ၀၉-၈၈၂၂၂၂၀၈၅၊ ၀၉-၄၄၈၀၂၀၀၄၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ သပြေလမ်း၊ အခန်းအမှတ် (၅၀၅)၊ တိုက်အမှတ် (B-3)ဟု ခေါ်တွင်သော တိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် လက်ရှိပိုင်ဆိုင် နေထိုင်ကြသော ဒေါ်အိအိဟန် ၇/ရတန(နိုင်)၀၁၁၄၀၈၊ ဦးရဲထွန်း ၁၂/သလန(နိုင်) ၀၀၂၈၉၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင် ဝယ်ယူမည်ဖြစ်သောကြောင့် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသအား ဒေါ်အိအိဟန်၊ ဦးရဲထွန်း တို့ထံသို့ ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ် ပြုလုပ်သော တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည် ။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာမင်းသိန်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၇၉၉၃ )**
**အမှတ် (၂/၄ ) မြရာကုန်းလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၄၇၀၆၉၊ ၀၉-၇၇၂၉၂၄၇၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ် ၁၅၄၊ မြေကွက်တည်နေရာ အမှတ်(၁၅၄)၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင် ဦးဇော်ထွဋ် (ISN - ၁၄၉၄၆၃) အမည်ပေါက် ပါမစ်မြေအား ပါမစ် အမည်ပေါက် ဦးဇော်ထွဋ် (ခင်ပွန်း)ဖြစ်သူသည် ၁၇-၁၂-၂၀၀၆ ရက်တွင် ကွယ်လွန်၍ ဇနီး ဖြစ်သူ ဒေါ်ခင်ခင်ပြုံး ၁၂/မဂတ(နိုင်)၀၂၇၃၂၂ မှ တစ်ဦးတည်သော ဇနီး ဖြစ်ကြောင်း၊ ဒေါ်ခင်ခင်ပြုံး တစ်ဦးတည်း သာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ - ၁၂/ ၁၈၇၃/၂၀၂၁ (၁၆-၁၂-၂၁) ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုလူဦးရေ စာရင်း၊ သေစာရင်း၊ မြေချပါမစ် မူရင်းတို့ တင်ပြ၍ ဂရန်သစ် လျှောက်ထားလာ ခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၁)ထပ် ပျဉ်ထောင်(၁)လုံးရှိ၍ လျှောက်ထားသူကိုယ်တိုင် နေထိုင်ပါသည်။ လျှောက်ထားသူမှ မြေပြင်ကွင်းဆင်း စစ်ဆေးသိရှိကြောင်း လက်မှတ်ရေးထိုး ထားပါသည်။ မြို့မြေစာရင်း (Town Land Roll) တွင် ဦးဇော်ထွဋ် အမည်ဖြင့် ဂရန်ထွက်ရှိနေခြင်းအား ရုံးတွင်း အမိန့်အမှတ် (၁၄၁၁/၂၀၂၄)ဖြင့် ပယ်ဖျက်ပြီး ဖြစ်၍ ဒေါ်ခင်ခင်ပြုံးမှ ဂရန်သစ် လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ -၁၈၄ နှင့်ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၉

| | | |
|---|---|---|
| ဒေါ်ပိုးအိဖြူ | နှင့် | ဒေါ်ခင်ခင်ဝေ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ လွန်းကျော်လမ်း၊ အမှတ်(၆၇၈)နေ တရားရှုံးဒေါ်ခင်ခင်ဝေ (ယခုနေရပ် လိပ်စာ မသိသူ ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၄ တွင်ကျရှိသည့်ဒီကရီကို အတည် ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ခင်ခင်ဝေက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်း ကြောင့်အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မေ လ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်(၄)လမ်း၊ အပိုင်း(၄)၊ အမှတ်(၆၀၆)၊ ပထမထပ်(B)နေ (ဘ)ဦးခင်မောင်ဝင်း၏သား ဦးအောင် ဆန်းဝင်း ၁၄/မမက(နိုင်)၂၉၁၉၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည် ဦးအောင်ဆန်းဝင်း ၁၄/မမက(နိုင်)၂၉၁၉၄၄ နှင့် ဒေါ်ဝိုင်းစန္ဒာလှိုင် ၁၂/ဗဟန(နိုင်)၀၀၃၁၅၄ သည်(ယခင်)မြောက်ပိုင်းခရိုင်တရား ရုံး၌ ၂၆-၅-၂၀၂၂ ရက်တွင် အကြင်လင်မယားအဖြစ် တရားဝင်ထိမ်းမြား လက်ထပ်ကာ လူသိရှင်ကြားပေါင်းသင်းနေထိုင်လာခဲ့ကြသော အကြင်လင်မယား ဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်နှင့် ဒေါ်ဝိုင်းစန္ဒာလှိုင်တို့ စတင်ပေါင်းသင်းစဉ်မှ ယနေ့ တိုင် ဖြစ်ထွန်းခဲ့သော လင်မယားနှစ်ဦးပိုင်ပစ္စည်းများအနက်မှ တစ်ခုဖြစ်သော ယာဉ်အမှတ် **(HH-1878)|(Toyota Fielder) (Gray)** အရောင် မော်တော်ယာဉ်ကို စတင်ပေါင်းသင်းစဉ်မှ ယနေ့တိုင်ကျွန်ုပ်အမှုသည်က ဇနီးဖြစ်သူအတွက် နေ့စဉ် ယာဉ်မောင်းကာ ရှာဖွေကျွေးမွေးနေခဲ့ပြီး နှစ်သစ်ကူး သင်္ကြန်ကာလမတိုင်မီ ဘုရားဖူး ခရီးသည်များ လိုက်လံပို့ဆောင်ရန်အတွက် လင်မယားချင်း စကားများခဲ့ ကြကာ နယ်သို့ခရီးသည် များပို့ဆောင်နေစဉ် ကျွန်ုပ်အမှုသည် တရားဝင်မကွာရှင်း ရသေးသော ဇနီးဖြစ်သူက ၎င်း၏မောင် တော်စပ်သူ (ယောက်ဖ)ဦးမင်းဘိုဘိုကျော် ၁၂/ဗဟန(နိုင်)၀၉၈၇၀၂ ထံရောင်းချထားသောယာဉ်ကိုကျွန်ုပ်အမှုသည်ကလိမ် လည် ရယူသွားပါသည်ဟု (မရောင်းချထားသောမော်တော်ယာဉ်ကိုရောင်းချထား ပါသည်ဟု)မမှန်ဖော်ပြ၍ အမှု ဖွင့်ထားခြင်း၊ FaceBook, Tiktok အစရှိသော ဆက်သွယ်ရေးကွန်ရက်ပေါ်မှတစ်ဆင့် ကျွန်ုပ်အမှုသည်ကို လူလိမ်ပါဟု ဖော်ပြလျက် အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေရန် ပို့စ်များတင်ခြင်း အစရှိသော အပြုအမူ များအား ဤကြော်ငြာ ပါသည့်ရက်မှစ၍(၇)ရက်အတွင်း ရပ်သိမ်း၊ ရပ်တန့်ပေးပါရန် ဒေါ်ဝိုင်း စန္ဒာလှိုင်နှင့် ဦးမင်းဘိုဘိုကျော်တို့အားအသိပေးလိုက်ပါသည်။လူကြီး မင်းတို့မှ ကျွန်ုပ်အမှုသည်၏ အသိပေးမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ကျွန်ုပ် အမှုသည်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ဆက်လက်လုပ်ဆောင်နေပါက လူကြီးမင်းတို့အပေါ် တည်ဆဲဥပဒေများနှင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒေါ်ဝိုင်းစန္ဒာလှိုင်၊ ဦးမင်းဘိုဘိုကျော်နှင့် တကွအများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဇင်ဦး**
**အထက်တန်းရှေ့ နေ(စဉ်-၅၁၃၉၄)**

| | |
|---|---|
| **ဒေါ်ယဉ်မင်းပိုက်** | **ဒေါ်ဝါဝါဝင်းသူ** |
| **အထက်တန်းရှေ့နေ(စဉ်-၂၆၅၁၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၀၁၉)** |

**အမှတ်(၂၉၁)၊ (၆)လွှာ၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၀ ၈၉၆ ၃၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၇ ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အိမ်အမှတ်(၄၆၂)ဟုခေါ်တွင်သော ပါမစ်မြေ အမျိုးအစား အလျား(၄၀)ပေxအနံ(၆၀)ပေမြေကွက်အနက်မှ အလျား (၂၀) x အနံ(၆၀)ပေအား ဦးလွင်ကိုဝင်း(၁၂/ဥကမ(နိုင်)၁၉၇၈၉၉) ကိုင်ဆောင်သူမှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်း အပေါ် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးအောင်မိုး ၁၁/မအန(နိုင်)၀၁၉၂၂၅ နှင့် ဒေါ်ဝင်းဝင်းစံ ၁၁/ရဗန(နိုင်)၀၄၉၁၄၀ တို့မှ ဝယ်ယူရန်အတွက်ရောင်းဖိုးငွေများ အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက် နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက သတ်မှတ်ထားသည့်ရက်တွင် အပြီးအပိုင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ဒေါ်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ်-၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊**
**ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၁၂၅၆၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှု အမှတ်-၁

| | | |
|---|---|---|
| ဦးသက်နိုင်ဝင်း | နှင့် | ဒေါ်နှင်းဝေလွင် |
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ငရုတ်ကောင်းမြို့နယ်ခွဲ၊ ပန်းမော် ကျေးရွာရပ်နေ ဒေါ်နှင်းဝေလွင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသက်နိုင်ဝင်းက လင်းမယားကွာရှင်း ပြတ်စဲပေးစေ လိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော် အခွင့်အမိန့်အရ ရှေ့နေ နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆို နိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၂၀၂၄ခုနှစ်၊ မေလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရ မည်။ သင်က ထုချေတင်သွင်း လိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီရိရွှေစင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာ(၈)၊ညောင်အင်းကျေးရွာ၊အထူး စက်မှုဇုန်(၂)၊မြေကွက်အမှတ်(၁၇)၊ ဧရိယာ(၅)ဧကရှိသော မြေကွက်သည် ပဲခူးတိုင်းဒေသကြီးစက်ရုံ၊ အလုပ်ရုံတည်ထောင်ရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီ ပဲခူးမြို့မှ ဦးမောင်မောင်(ခ)ကာလီဒက်(စ်) အမည်ဖြင့် ခွင့်ပြုချထားပေးခဲ့သော စက်မှုမြေကွက်ဖြစ်ပါသည်။

သက်ဆိုင်ရာမှ ချထားပေး၍ရရှိထားသူ ဦးမောင်မောင်(ခ)ကာလီဒက်(စ်) ကွယ်လွန်ပြီးနောက် အမွေဆက်ခံခွင့်ရရှိသူ ဦးမောင်မောင်(ခ)ကာလီဒက်(စ်)၏ဇနီး ဒေါ်သာမရာဆဲလ်ဗီ(ဘ) RAGU ၁၂/ ပဇတ(ပြု)၀၀၀၀၁၇ ထံမှ ကျွန်ုပ်၏ အမှုသည် ဖြစ်သူ ဦးအောင်ထွန်းဦး (ဘ)ဦးချစ်လှိုင် ၇/ပခန(နိုင်)၃၅၄၄၈၇ က (၉-၁-၂၀၂၃) ရက်စွဲဖြင့် အပြီးအပိုင် အရောင်းအဝယ်စာချုပ် ချုပ်ဆို ဝယ်ယူခဲ့ပြီးလက်ရောက် ရယူထားပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူအား ရောင်းချစဉ်က ရောင်းချသူဖြစ်သော ဒေါ်သာမရာဆဲဗီကရောင်းချသည် စက်မှုမြေ(၅)ဧကနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှု စာရွက်စာတမ်းများအား ရန်ကုန်မြို့၊ မြန်မာ့အရှေ့တိုင်းဘဏ် (ရုံးချုပ်)တွင် အပေါင်ပေးအပ်၍ ဘဏ်ချေးငွေ ရယူထားကြောင်း ဝယ်သူထံမှ ရောင်းဖိုးငွေများ ရယူပြီး ဘဏ်သို့ ရွေးနုတ်ပေးမည်ဟု အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး ဝန်ခံကတိပြုခဲ့သော်လည်း မြန်မာ့အရှေ့တိုင်းဘဏ်သို့ ဘဏ်ချေးငွေများပေးဆပ်ပြီး စာရွက်စာတမ်းများ ရွေးနုတ်ပေးခြင်းမရှိသဖြင့် ကျွန်ုပ်၏အမှုသည်က ပဲခူးခရိုင်တရားရုံးတွင် တရားမကြီးအမှုအမှတ်-၃၀/၂၀၂၄ဖြင့် တရားစွဲဆိုထားပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ထွန်းဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးတင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၁၅၆၃)**
**အမှတ်(၂၄/၁၄၄-၁၄၆)၊ မြို့ရှောင်(၂)လမ်း၊ ရပ်ကွက်ကြီး(၈)၊**
**ဥဿာမြို့သစ်၊ ပဲခူးမြို့။ ဖုန်း-၀၉-၂၅၀၂၉၉၉၇၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ မင်းရဲကျော်စွာ လမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ အခန်းအမှတ်-၃၀၃၊ တိုက်-N2 (တတိယထပ်)၊ အကျယ်အဝန်း (၁၈ ပေ x ၄၅ ပေ)ရှိ ဒေါ်အေးရီ (BR-၀၃၈၈၇၆) အမည်ပေါက် တိုက်ခန်းတစ်ခန်းအပါအဝင် ၎င်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ဒေါ်အေးရီ နှင့် ၎င်း၏ ခင်ပွန်း ဦးကြိုင်တို့ကွယ်လွန် ခဲ့ပြီးဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာသူ သားဖြစ်သော ဦးနိုင်ဝင်း ၁၂/ တမန(နိုင်)၀၂၈၉၉၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက လူကိုယ်တိုင်ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)=** |
| **(စဉ်-၅၃၃၆၉)** | **(စဉ်-၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## အမည်ပြောင်းလဲခေါ်ပါရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ကန့်ဘလူ မြို့နယ်၊ ကျွန်းကုန်းကျေးရွာမှ (ဘ) ဦးသာချို၏ သမီး မပန်းဝတ်ရည် ၅/ကဘလ(နိုင်)၂၄၃၇၁၈ အား မပန်းဝတ်ရည်ဖြိုး (ခ) ပန်ပန်ဟု ပြောင်းလဲခေါ်ပါရန်။

**မပန်းဝတ်ရည်ဖြိုး(ခ)ပန်ပန်**

## အလိမ္မာ စာမှာရှိ

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၁၈)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆) ထပ်တိုက်၏ ၃-လွှာ(ခြေရင်းခန်း)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်ဝန်း(၁၂ ပေခွဲ x ၅၀ ပေ)ရှိ ဆောက်လုပ်ဆဲတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါ လိပ်စာဖြစ်သည့်တိုက်ခန်းကို ကန်ထရိုက်တာလည်းဖြစ်ပြီး မြေပိုင်ရှင်လည်းဖြစ်ကာ လက်ရှိ လက်ရောက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးလှဝင်း ၁၂/တမန(နိုင်)၀၇၃၅၆၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်အေးအေးသွယ် ၈/ဆပဝ(နိုင်)၀၀၅၉၉၇ နှင့် ဒေါ်အိအိခိုင် ၁၂/တမန(နိုင်)၀၉၅၂၈၄ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်း အဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ် -၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင် (LL.B) စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/4845 Toyota Belta SCP 92, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှိုင် ၁၂/ရပသ(နိုင်)၀၁၈၂၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/47403 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းသန်း ၁၄/ဟသတ(နိုင်) ၀၄၅၉၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/35992 Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောထက်အောင် ၇/သကန(နိုင်) ၁၀၁၉၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊**
**ပြည်မြို့**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့ ရေအေးကွင်း ရပ်ကွက်နေ (ဘ) ဦးပေါ်၏သမီး မမိုးမိုးခိုင် ၇/မလန(နိုင်)၀၈၆၇၆၃ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MC-714213)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၇၄၇၃၆၃၃၆**

## ပတ်စ်ပို့ပျောက်

ရွှေညောင်မြို့ မင်္ဂလာ အောင်မြေရပ် နယ်မြေ(၃)နေ (ဘ) ဦးဝင်းမြင့်ထွေး၏သား မောင်ကောင်း သန့်ဇင် ၁၃/တကန(နိုင်)၂၆၈၆၃၈ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MF-058256)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါ ရန်။

**ဖုန်း-၀၉-၉၇၃၈၈၅၁၀၅**

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့ ထီမန့်ရွာနေ (ဘ) ဦးတင်စိန်၏သမီး နန်းကြည် ၁၃/ ဆဆန(နိုင်)၀၉၃၃၆၁ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MD-456912)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၆၇၇၆၃၇၄**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့ ပြည်တော်သာ ရပ်ကွက်နေ (ဘ) ဦးထွန်းရင်၏သား မောင်ရန်နောင်ပြည့် ၁၃/တကန (နိုင်)၂၂၃၇၇၂ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MA-369715)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၁၂၅၃၈**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## မကွေးတိုင်းဒေသကြီး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ မင်းဘူးခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာနိုင်ငံသား ပြည်တွင်းကုမ္ပဏီလုပ်ငန်းများမှ သတ်မှတ်ချက်နှင့်အညီ တင်ဒါ(အိတ်ဖွင့်တင်ဒါ)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot-1 မင်းဘူးခရိုင်ရုံးအဆောက်အအုံ(၆၀'x၄၀'x၂၆')RC(၂)ထပ်(၁) လုံး (ရေ၊ မီး၊ မိလ္လာ အပါ)

(ခ) Lot-2 သရက်ခရိုင်ရုံးအဆောက်အအုံ(၆၀'x၄၀'x၂၆')RC(၂)ထပ်(၁)လုံး (ရေ၊ မီး၊ မိလ္လာ အပါ)

အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၉-၄-၂၀၂၄ ရက်
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၂-၅-၂၀၂၄ ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၉-၅-၂၀၂၄ ရက်
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၃၁-၅-၂၀၂၄ ရက်
(င) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ မကွေးမြို့

၂။ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၉-၄၂၅၆၆၁၅၁၄ နှင့် ၀၉၂၅၉၀၅၁၃၂၂ တို့သို့ ရုံးချိန် အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၉-၄-၂၀၂၄ ရက်၊ (တနင်္လာနေ့)
**တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက်** - ၁၀-၅-၂၀၂၄ ရက်၊ (သောကြာနေ့)
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၃-၅-၂၀၂၄ ရက်၊ (တနင်္လာနေ့) (၁၆:၀၀) နာရီထိ

၂။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာ ဝယ်ယူခြင်းများကို ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး(ပဲခူးမြို့) အင်ဂျင်နီယာဌာန၊ ဖုန်း-၀၅၂-၂၂၂၂၈၇ သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ် စုံစမ်းနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ရန်ကုန်သူနာပြုသင်တန်းကျောင်း
## (၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်)
## "အိတ်ဖွင့်တင်ဒါများ ခေါ်ယူခြင်း"

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိရန်ကုန်သူနာပြုသင်တန်းကျောင်း၊ဗဟိုအိမ်တိုင်ရာရောက်သားဖွားသင်တန်းကျောင်းနှင့်အမျိုးသမီးကျန်းမာရေးဆရာမသင်တန်းကျောင်းတို့တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများနှင့် စက်ကိရိယာ တန်ဆာပလာပစ္စည်းများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်း များအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၂၉-၄-၂၀၂၄ (တနင်္လာနေ့) နံနက် (၉:၀၀) နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၅-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ(၂:၀၀)နာရီ
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - သက်ဆိုင်ရာသင်တန်းကျောင်းရှိ ရုံးခန်းများ

**အသေးစိတ်သိရှိလိုပါက-**

၁။ ရန်ကုန်သူနာပြုသင်တန်းကျောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၃၆၈၅၀၄ ၊ ၀၉-၅၃၁၂၂၄၅

၂။ ဗဟိုအိမ်တိုင်ရာရောက် သားဖွားသင်တန်းကျောင်း၊ အမှတ်(၂)၊ လမ်းမကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၄၂၉၈၁

၃။ အမျိုးသမီးကျန်းမာရေးဆရာမသင်တန်းကျောင်း၊ အမှတ်(၁၈)ဝက်ဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၂၆၃၇၆

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်

ပညာရေးဒီပလိုမာ(စာပေးစာယူ)သင်တန်း [Diploma In Education (Correspondence Course)] ပထမနှစ် (အမှတ်စဉ်-၁)အတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် ပညာရေးဒီပလိုမာ (စာပေးစာယူ)သင်တန်း [Diploma In Education (Correspondence Course)] ပထမနှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားခွင့်ရှိသည်-

**(၁) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားခွင့်ရှိသူများ**

(က) အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် အထက်တန်းပြ၊ မူလတန်း ကျောင်းအုပ်၊ အလယ်တန်းပြ၊ မူလတန်းပြ၊ ဒုတိယအလယ်တန်းပြ၊ ဒုတိယမူလတန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများ၊ အထက်တန်းပြ(သို့မဟုတ်)အလယ်တန်းပြနှင့် လစာနှုန်းတူသင်ကြားရေးနှင့် သက်ဆိုင်သူများ၊ ပညာရေးဒီဂရီကောလိပ်များတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများ လျှောက်ထားခွင့်ရှိသည်။ ဆရာ/ဆရာမများသည် အနည်းဆုံး ပညာရေးဝန်ထမ်း သင်ကြားရေးလုပ်သက် တစ်ဆက်တည်း (၂)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) အထက်တန်းပြနှင့် လစာနှုန်းထားတူညီသည့် သင်ကြားရေးနှင့် သက်ဆိုင်သော ဒုဦးစီးမှူးများ၊ ဒုကြီးကြပ်ရေးမှူးများနှင့် PGDMA ဘွဲ့ရ ကွန်ပျူတာလုပ်ဆောင်ရေးမှူးများသည် (၃၁-၁၀-၂၀၂၄) ရက်တွင် တစ်ဆက်တည်း လုပ်သက်(၅)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) အလယ်တန်းပြ (သို့မဟုတ်) မူလတန်းကျောင်းအုပ်များနှင့် လစာနှုန်းထားတူညီသည့် သင်ကြားရေးနှင့်သက်ဆိုင်သော ဒုလက်ထောက်ကြီးကြပ်ရေးမှူး၊ PGDMA ဘွဲ့ရ လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးများသည် ၃၁-၁၀-၂၀၂၄ ရက်တွင် တစ်ဆက်တည်း လုပ်သက်(၅) နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) ဘွဲ့တစ်ခုခုရရှိပြီး ပညာရေးဘွဲ့(BEd)မရရှိသေးသူဖြစ်ရမည်။ ဝိဇ္ဇာ/သိပ္ပံမဟာဘွဲ့ရရှိသူများကို ဦးစားပေးမည်။

(င) အခြားသင်တန်းတစ်ခုခုသို့ တက်ရောက်နေသူ မဖြစ်စေရ။

(စ) လျှောက်ထားသူများသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်တွင် အသက် (၅၇)နှစ်ထက် မကြီးသူဖြစ်ရမည်။

**(၂) လျှောက်လွှာတင်သွင်းခြင်း**

(က) အထက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများသည် ဝင်ခွင့်စာမေးပွဲ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင်ရယူပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများသို့ ၃-၅-၂၀၂၄ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်။

(ခ) လျှောက်လွှာ စတင်လက်ခံမည့်ရက် ၂၆-၄-၂၀၂၄ ရက်

(ဂ) ပညာရေးဒီဂရီကောလိပ်များမှ လျှောက်ထားသူများသည် သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ ဆရာအတတ်ပညာဦးစီးဌာန၏ ခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ ၃-၅-၂၀၂၄ ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်။

**(၃) အထူးပြုဘာသာရပ်ရွေးချယ်လျှောက်ထားခြင်း**

(က) ပညာရေးဒီပလိုမာ(စာပေးစာယူ)သင်တန်းသည် (၂)နှစ်သင်တန်းသာဖြစ်သဖြင့် ဘာသာရပ်ကျွမ်းကျင်မှု၊ သင်ပြနည်းကျွမ်းကျင်မှုတို့အတွက် အထူးပြုဘာသာရပ် တစ်ခုတည်းကိုသာ ရွေးချယ်ဖြေဆို သင်ယူခွင့်ပြုမည်ဖြစ်သည်။

(ခ) လျှောက်ထားသူ၏ မူလဘွဲ့ရဘာသာရပ်ကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။ မူလဘွဲ့ရဘာသာရပ်နှင့် သင်ယူလိုသည့် အထူးပြုဘာသာရပ် ကိုက်ညီမှုမရှိပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဂ) စိတ်ပညာ၊ ဒဿနိကဗေဒ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာစသည့် ဘာသာရပ်များဖြင့် ဘွဲ့ရရှိထားသူသည် အင်္ဂလိပ်စာ/မြန်မာစာ/သင်္ချာ(သို့မဟုတ်)ဝိဇ္ဇာဘာသာရပ်တစ်ခုခုကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန် ဖြစ်သည်။

**(၄) ရွေးချယ်ရေးမူများ**

(က) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ် ဆရာလိုအပ်ချက်နှင့် ဘာသာရပ် လိုအပ်ချက်တို့အပေါ် မူတည်၍ ဝင်ခွင့်စာမေးပွဲရမှတ်များ/နည်းတန်းစီဇယားဖြင့် စိစစ်ရွေးချယ်မည်။

(ခ) ရာထူးအလိုက် ဝင်ခွင့်ပြုမည့် ဦးရေအချိုးအတိုင်း စိစစ်ရွေးချယ်မည်။

**(၅) စာစစ်ဌာနများ။** အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ပေးသော စာစစ်ဌာနများတွင် ဝင်ခွင့်စာမေးပွဲ စစ်ဆေးသွားမည်ဖြစ်သည်။

**(၆) ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည့်အစီအစဉ်**

(က) **နေ့ရက်** ။ ၂၀၂၄ ခုနှစ်၊ မေလ(၂၀)ရက် (တနင်္လာနေ့)
(ခ) **အချိန်** ။ နံနက်(၉:၀၀)နာရီမှ (၁၂:၀၀) နာရီထိ

(၇) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး (စာပေးစာယူသင်တန်းဌာန)

စစ်ကိုင်းပညာရေးတက္ကသိုလ် တယ်လီဖုန်းနံပါတ် ၀၇၂-၂၀၂၂၀၉၃ နှင့် ၀၉-၉၆၁၉၅၁၂၃၇ တို့သို့ စုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/50342, New Zhineng-110 ယာဉ် လက်ဝယ်ရှိသူ Orchid Queen Co;ltd က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/45352, Honda Scoopy ယာဉ် လက်ဝယ်ရှိသူ Ever Ko Co;ltd မှ (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ဦးလှထွန်းလွင်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ အောင်ချမ်းသာရပ်ကွက်အား ရေဖြန့်ဝေနိုင်ရေးအတွက် 4"Ø၊ 3"Ø HDPE Distribution Pipe သွယ်တန်းခြင်းနှင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအား ထုထည်လျော့ချခြင်းလုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၅-၄-၂၀၂၄ ရက်မှ ၈-၅-၂၀၂၄ ရက်ထိ
(ခ) **တင်ဒါစိစစ်မည့်ရက်နှင့်အချိန်** - ၉-၅-၂၀၂၄ ရက် နံနက်(၁၀:၀၀)နာရီ
(ဂ) **တင်ဒါစိစစ်မည့်နေရာ** - သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (အင်ဂျင်နီယာဌာနခွဲ) ဖုန်း-၀၉-၇၆၀၃၃၀၀၇၈၊ ၀၉-၇၉၉၄၀၀၉၂၀ တို့သို့ နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**
**သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကရင်ပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကရင်ပြည်နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကာလအတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည့် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း ၊ ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းတို့ တိုးချဲ့ဆွဲသားခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၆-၄-၂၀၂၄ ရက်မှ ၁၀-၅-၂၀၂၄ ရက်ထိ
**တင်ဒါတင်သွင်းရမည့်ရက်** - ၆-၅-၂၀၂၄ ရက်မှ ၁၄-၅-၂၀၂၄ ရက်ထိ
**တင်ဒါလျှောက်လွှာရောင်းချ- တင်သွင်းရမည့်နေရာ** - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့
**တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၂၈-၅-၂၀၂၄ ရက် (အင်္ဂါနေ့) နံနက် (၁၀ :၃၀) နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့

၃။ အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဖုန်း ၀၉-၇၈၂၂၄၆၆၃၂၊ ၀၉-၇၇၇၆၁၈၇၃၇၊ ၀၉-၅၆၆၂၁၆၂၊ ၀၉-၅၆၆၂၁၆၃ တို့သို့ တိုက်ရိုက် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂-တိုးချဲ့၊ မြေကွက်အမှတ် ၁၃၁ နှင့် ၁၃၁(A)၊ မြေကွက်(၂)ကွက်၊ မြေကွက်တည်နေရာ အမှတ် ၁၃၁ နှင့် ၁၃၁(A)၊ ဦးကြင်ဥလမ်း၊ ၃၂-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်ငြိမ်းထွေး) ၁၂/မရက(နိုင်)၁၁၅၃၆၇ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဒေါ်ငြိမ်းထွေး ၁၂/မရက(နိုင်)၁၁၅၃၆၇ မှ ယင်းမြေကွက် (၂)ကွက်၏ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မူရင်းသည် ၎င်း၏ လက်ဝယ်တွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်းနှင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်း ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ယင်းမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းနှင့် အရှုပ်အရှင်းမရှိပါကြောင်း၊ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ မြေကွက်(၂)ကွက်အား နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇေယျာမင်းသိန်း ၁၂/လမန(နိုင်)၁၀၉၈၃၆၏ နိုင်ငံကူးလက်မှတ်(A 034977) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၁၁၉၈၅**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ဦးလှထွန်းလွင်လမ်း၊ အမှတ်(၅၂)နေ (ဘ)ဦးစိုးလွင်၏သမီး ဒေါ်ပန်ဆုလွင် ၁၂/သလန(နိုင်)၁၉၆၀၆၃၏ မွေးသက္ကရာဇ် အမှန်မှာ ၃-၆-၂၀၀၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၉)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂/ထီးလှိုင်)၊ ဦးပိုင် (၆-ဃ)၊ ဧရိယာ ၀ ဒသမ ၃၀၄ဧကအား ဦးသန်းထိုက်အောင် အမည်ဖြင့် မြေငှားဂရန်ခွင့်ပြုရရှိထားပြီး ၎င်းထံမှ ဦးညီညီအောင်-ဒေါ်အေးအေးမော်မှ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးညီညီအောင်-ဒေါ်အေးအေးမော် အမည်ဖြင့် သက်တမ်းတိုး/အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးညီညီအောင်-ဒေါ်အေးအေးမော်အား မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၇/မင်းကြီးညိုတောင်)၊ ဦးပိုင်(က-၄၀၅/218)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအား ဦးလွင်ဟန်အမည်ဖြင့် မြေငှားဂရန် အသစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးလွင်ဟန်အား မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၇/မင်းကြီးညိုတောင်)၊ ဦးပိုင်(၂၇၀/1014)၊ ဧရိယာ ၀ ဒသမ ၀၉၂ ကေအား ဦးမျိုးသွင် အမည်ဖြင့် မြေငှားဂရန်ခွင့်ပြုရရှိထားပြီး ခင်ပွန်းဖြစ်သူဦးမျိုးသွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ချိုချိုအမည်ဖြင့် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဒေါ်ချိုချိုအား မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ဃ/၆၆၂၁၆ Honda Click 125, M/C ယာဉ် လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နိုင်ငံခြားသင်္ဘောကြီးများသို့ ရိက္ခာပေးသွင်းရန် အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ကိုင်တွယ်ရသော နိုင်ငံခြားသင်္ဘောကြီးများအတွက် လိုအပ်သော ရိက္ခာပေးသွင်းခြင်း လုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီအနေဖြင့် စားသောက်ကုန်ထုတ်လုပ်၊ သိုလှောင်၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များအား စားသုံးသူ ဘေးအန္တရာယ်ကင်းစင်စေရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရှိမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (Food Safety Certificate) တစ်ခုခု ရှိရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ နှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနရှိ ရှင်း/ပို့ရိက္ခာဌာနစုတွင် ရုံးချိန်အတွင်း အမျိုးသား မှတ်ပုံတင်/နိုင်ငံသား စိစစ်ရေးကတ်ကိုင်ဆောင်ထားသူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားများ လာရောက်ဝယ်ယူတင်သွင်းနိုင်ပြီး သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၁-၂၃၀၁၉၂၅ သို့ စုံစမ်းနိုင်ပါသည်။

၄။ တင်ဒါပုံစံရောင်းချမည့်ရက် ၆-၅-၂၀၂၄ ရက်မှ ၁၇-၅-၂၀၂၄ ရက်ထိ ရုံးဖွင့်ရက် (ရုံးချိန်အတွင်း)

၅။ တင်ဒါပိတ်မည့်ရက် ၃၀-၅-၂၀၂၄ရက်/ အချိန် (၁၃:၀၀)နာရီ

၆။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားရွာ၊ ဦးပိုင်အမှတ်(၆/၇)၊ မြေတိုင်းရပ်ကွက်(၅၅၅/က)၊ ဦးမောင်ညို၊ ဒေါ်ခို အမည်ပေါက်သော မြေအကျယ်ဧရိယာ ၀ ဒသမ ၂၈ အား ကျွန်ုပ်မိတ်ဆွေ၏ ဖခင် ဦးဘချစ်အုံးမှ ပိုင်ဆိုင်ခဲ့ပြီး ကျွန်ုပ်မိတ်ဆွေ၏ဖခင် ကွယ်လွန်ပြီးအချိန်မှစ၍ သမီးဖြစ်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်နော်လှခိုင်မှ အမွေဆက်ခံပိုင်ဆိုင်၍ အကျိုးခံစားလျက်ရှိပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ၂၆-၃-၂၀၂၄ ရက်တွင် မြေကွက်တည်ရှိသည့် ကျေးရွာ၊ သာသနာရေးဝင်းတွင် မြေကွက်အရောင်းအဝယ်ကိစ္စအတွက် ညှိနှိုင်းခဲ့ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ယင်းမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်နော်လှခိုင် မသိရှိဘဲ မည်သူမဆို တစ်ဆင့်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်းနှံ၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်လှခိုင် ၁၂/အစန(နိုင်)၀၂၈၆၉၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိဖြူ(LL.B)** | **ဒေါ်နော်ခက်ခက်နိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၆၈၈၁)** | **(စဉ်-၂၈၆၇၄)** |
| **ဖုန်း-၀၉-၄၂၁၁၃၇၄၆၄** | **ဖုန်း-၀၉-၇၉၂၅၈၂၀၈၈** |

## အများသိစေရန် အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ငွေလေးကျေးရွာနေ မသက်မေဝင်း ၈/မသန(နိုင်)၁၄၀၇၆၂ (ဘ)ဦးထွန်းထွန်းလတ် (ခေတ္တ-ဂျပန်)၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ၎င်းတို့နေထိုင်ရာဒေသရှိ မိတ်ဆွေအပေါင်းအသင်းများကြားတွင် ကောင်းသောဂုဏ်သတင်းဖြင့် နေထိုင်သူတစ်ဦးဖြစ်ပြီး Thet May Wynn(Thet May) ဟူသော Personal Account တစ်ခုတည်းသာ အသုံးပြုလျက်ရှိပါသည်။ အဆိုပါ Personal Account မှလွဲ၍ အခြား Facebook Account များ သုံးစွဲခြင်းမရှိပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ Personal Account နှင့် Profile Photo မှလွဲ၍ အခြား Fake Accountမှ ကျွန်ုပ်၏မိတ်ဆွေပုံစံဖြင့် လာရောက်ပြောဆိုဆက်သွယ်အနှောင့်အယှက်ပေးခြင်းများ ပြုလုပ်ပါက ကျွန်ုပ်၏မိတ်ဆွေ Account အစစ်အမှန် မဟုတ်ကြောင်းနှင့် အဆိုပါ Fake Account နှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေအသုံးပြုနေသော လူမှုကွန်ရက် Personal Account နှင့် နေထိုင်ရာဒေသတွင် ကောင်းသောဂုဏ်သတင်းများအား ထိခိုက်နစ်နာစေသည့် မမှန်သတင်းများ ဖြန့်ချိရေးသားခြင်း၊ ယုံကြည်မှု ဂုဏ်သတင်းပျက်ပြားစေရန်ရည်ရွယ်၍ ပြုမူပြောဆိုရေးသားခြင်းများ ဆက်လက်၍မပြုလုပ်ပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်သက်မေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖွန်းသဲဖြူ(LL.B)(C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၈၉)**
**မကြီးကန်ကျေးရွာ၊ မကွေးမြို့နယ်။**
**ဖုန်း-၀၉-၉၇၄၄၈၂၅၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1W/61331 Honda Dream 100 ယာဉ်အမည်ပေါက်သူ ဒေါ်ရီရီချစ် ၁၃/တကန(နိုင်)၀၉၆၆၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7M/3842 Mitsubishi Fuso Fighter ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ကြည် ၁၃/ကလန(နိုင်) ၀၃၂၅၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ အောင်ပန်း**

## ၂၀၂၀ ပြည့်နှစ် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ- ၉ နှင့် ၁၅(ခ)တို့အရ (အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲဖြစ်သော) ကလဲ့ဆစ်(ခ်) အဲ့(န်) တာပရိုက်(ဇ်) ကုမ္ပဏီလီမိတက် (CLASSIC ENTERPRISE COMPANY LIMITED) ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့် အကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် ကုမ္ပဏီ၏ရုံးခန်း၌ ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန် ထက်ထူးကဲသော အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်-

၁။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ ဒေါ်မြသွဲ့ (B.Com, C.P.A, D.A.T, A.C.P.A, Myanmar Association of Insolvency Practitioner Inc (MAIP) Membership No.00149)အား စာရင်းရှင်းလင်းရေး အရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလိုဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ၂၆-၅-၂၀၂၄ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်းအထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက် ပိုင်းမှတောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါ သည်။

| | |
|---|---|
| **U Sai Nyi Nyi** | **Daw Mya Thwet** |
| **Managing Director** | **Liquidator** |
| **Classic Enterprise Company Limited** | **Room No. A-303, Shu Khin Thar Road, North Dagon Township, Yangon, Myanmar** |

## ရောင်းရန်ကြေညာခြင်း

(ဘ) ဦးထွန်း၏သား ဖြစ်သူ ဦးမောင်ဝင်း ၆/မအရ(နိုင်)၀၀၉၄၂၃ ပိုင်ဆိုင်သည့် မြိတ်မြို့နယ်၊ ကလွင်ကျေးရွာ ပလပ်ရှောင်ကွင်း ကမ်းသာယာထူးထူးတိုး လှေလွှန်းကျင်းအနီးရှိ မြေကွက်များဖြစ်သော

(၁) ကွင်းအမည် (၂၄၆) ပလပ်ရှောင်ကွင်း၊ ဦးပိုင်အမှတ်-၇၈၊ ဧရိယာ ၄ ဒသမ ၀၄
(၂) ကွင်းအမည် (၂၄၆) ပလပ်ရှောင်ကွင်း၊ ဦးပိုင်မှတ်-၈၄၊ ဧရိယာ ၄ ဒသမ ၇၁
(၃) ကွင်းအမည် (၂၄၆) ပလပ်ရှောင်ကွင်း၊ ဦးပိုင်အမှတ်-၈၅ ဧရိယာ ၅ ဒသမ ၀၀
(၄) ကွင်းအမည် (၂၄၇) ရှမ်းချောင်းကွင်း၊ ဦးပိုင်အမှတ်-၂၉၊ ဧရိယာ ၁ ဒသမ ၁၀
(၅) ကွင်းအမည် (၂၄၇) ရှမ်းချောင်းကွင်း၊ ဦးပိုင်အမှတ်-၂၈/၃၊ ဧရိယာ ၃ ဒသမ ၄၂
(၆) ကွင်းအမည် (၂၄၇) ရှမ်းချောင်းကွင်း၊ ဦးပိုင်အမှတ်-၂၈/၄၊ ဧရိယာ ၃ ဒသမ ၄၂
(၇) ကွင်းအမည် (၂၄၇) ရှမ်းချောင်းကွင်း၊ ဦးပိုင်အမှတ်-၃၀၊ ဧရိယာ ၂ ဒသမ ၃၀
(၈) ကွင်းအမည် (၂၄၇) ရှမ်းချောင်းကွင်း၊ ဦးပိုင်အမှတ်-၃၁၊ ဧရိယာ ၂ ဒသမ ၆၈
(၉) ကွင်းအမည် (၇၅၇) ပလပ်ရှောင်မြောက်ကွင်း၊ ဦးပိုင်အမှတ် ၆၈/၁၊ ဧရိယာ ၃ ဒသမ ၇၈
(၁၀) ကွင်းအမည် (၇၅၇) ပလပ်ရှောင်မြောက်ကွင်း၊ ဦးပိုင်အမှတ်၆၇/၁၊ ဧရိယာ ၄ ဒသမ ၇၂
(၁၁) ကွင်းအမည် (၂၄၇) ပလပ်ရှောင်မြောက်ကွင်း၊ ဦးပိုင်အမှတ်-၈၂၊ ဧရိယာ ၄ ဒသမ ၅၉
(၁၂) ကွင်းအမည် (၂၄၇) ရှမ်းချောင်းကွင်း၊ ဦးပိုင်အမှတ်-N-16၊ ဧရိယာ ၄ ဒသမ ၁၄

အထက်ဖော်ပြပါမြေကွက်များအားလုံး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ပုံစံ(၇)ရရှိပြီးဖြစ်သည့် ဦးမောင်ဝင်း ပိုင်ဆိုင်သော ဖော်ပြပါမြေ(၄၄)ကေအား ရောင်းချ သွားမည်ဖြစ်ပြီး ဝယ်လိုသူများအား အမည်ပိုင်ဆိုင်မှု လွှဲပြောင်းပေးပြီး ကျသင့်သော အခွန်အခများကိုလည်း ရောင်းချသူဘက်မှ အားလုံးပေးဆောင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်များ ရောင်းချရာ၌မဟုတ်မမှန်လိမ်လည် ပြောဆိုသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်မြေကွက်များဝယ်ယူလိုပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ဝင်း**
**အမှတ်(၁၇)၊ ရဲသိပ္ပံလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့**
**ဖုန်း-၀၉-၅၆၄၁၀၄၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၉၊ လူနေရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-(၅၁) ဟု ခေါ်တွင်သော အမှတ်(၅၁)၊ ရှုခင်းသာလမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော မြေအကျယ်အဝန်း(အလျား ပေ ၄၀ x အနံ ပေ ၆၀)၊ ဧရိယာ (၂၄၀၀) စတုရန်းပေရှိ ဦးမြင့်ဦး ၁၂/မဂတ(နိုင်)၀၆၃၉၄၉ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေ ကွက်နှင့် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဂရန်အမည်ပေါက် ဦးမြင့်ဦး (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-(၆၁၁၅/၂၀၂၁) ရရှိသူ ဒေါ်မာမာလွင် ၁၂/မဂတ(နိုင်)၀၁၄၈၄၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် မြေကွက်ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း) များဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဇင်ဦး LL.B, D.B.L,D.I.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၄)**
**အမှတ်(၅၁၄)၊ မာန်ပြေ(၁၂)လမ်း၊**
**(၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၀၀၁၂၃၈၅၊ ၀၉-၆၈၈၆၀၁၈၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ဒေါ်မြသန်းထွေး IGU-၀၅၀၇၆၉ (ဘ) ဦးပြန့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၀၃၀၉) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၆၉/၂၀၀၈(၅-၆-၂၀၁၈)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သန္တာမြင့် ၁၀/ရမန(နိုင်)၀၉၀၂၅၂ (ဘ)ဦးတင်ကြိုင်မှ ဒေါ်လွင်မာဦး (ဘ)ဦးမောင်မောင်စိုး ၁၂/ဥကတ(နိုင်)၁၇၄၁၆၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေရှိ ဦးကျော်ဝင်း ၉/တကန(နိုင်)၀၇၂၈၂၃ (ဘ) ဦးတင်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၄၂၆၉) ကို တပ်ကုန်းမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇/၂၀၂၃(၁၆-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးရွှန်းပီတိအောင် ၉/ပဗသ(နိုင်)၀၂၆၉၃၁ (ဘ)ဦးမင်းအောင်မှ ဦးမင်းအောင် ၉/ပမန(နိုင်)၁၆၆၃၁၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ (၉၃)လမ်း၊ တိုက်အမှတ်(၁၁၅)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ် ဟောင်ကောင်တိုက်အဆောက်အအုံမှ ထပ်ခိုးပါမြေညီထပ် (ယာဘက်ခန်း)၊ အခန်းအကျယ်အဝန်း ပေ(၁၅ x ၅၀)၊ အမြင့်(၁၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံး အပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမင်းဘင် ၆/မအရ(နိုင်)၀၃၂၇၆၉ က အထက်ပါ တိုက်ခန်းကို မိမိတစ်ဦးတည်းသာ တရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးလှတင် ၁၂/မဂတ(နိုင်)၀၇၀၄၀၅ နှင့် ဒေါ်ငြိမ်းငြိမ်းအေး ၉/ခအဇ(နိုင်)၀၀၅၆၉၂ တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

